# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# တတိယ ပုံမှန်အစည်းအဝေး
# (၁၇) ရက်မြောက်နေ့ မှတ်တမ်း

နေပြည်တော်



# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး

## (၁၇) ရက်မြောက်နေ့ အစီအစဉ်

## [ ၁၉–၁၂–၂၀၁၆ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါက်တာဦးမြင့်သိန်း၊ ညောင်လေးပင် မဲဆန္ဒနယ်၏ **ကျောက်တံခါးမြို့နယ်၊ သာယာကုန်းလျှပ်စစ်ဓာတ်အားခွဲရုံအား ယခုထက်ပိုမို၍ လျှပ်စစ်ဓာတ်အားခွဲဝေပေးနိုင်ရေးအတွက် ဆောင်ရွက်မှု အခြေအနေကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးတင်အေး၊ မက်မန်း မဲဆန္ဒနယ်၏ **မက်မန်းမြို့နယ်ရှိ ငှက်ယောင်း–ပန်ပွဲ–ဝမ်ကွမ်–ကျူရစ်–ပန်ကော်မြေသားလမ်း(၁၂)မိုင်၊ ရောင်အူ(ဝ)–ရောင်ကွန် မြေသားလမ်း(၇)မိုင်နှင့် ရောင်စောင်း– ခိုဟင်မြေသားလမ်း (၁/၃) မိုင်တို့အား ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးနိုင်ထူးအောင်၊ နွားထိုးကြီး မဲဆန္ဒနယ်၏ **အင်ကြင်းကျောက် တူးဖော်တင်ပို့ရောင်းချနေခြင်းများကို နိုင်ငံတော်နှင့် ဒေသခံများ အကျိုးအမြတ်ဖြစ်ထွန်းစေရေးအတွက် မည်ကဲ့သို့သော မူဝါဒများ ချမှတ်သွားမည်နှင့် မည်ကဲ့သို့သော ဈေးကွက်ဖော်ဆောင်ပေးခြင်းများ ပြုလုပ်ပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါ မဲဆန္ဒနယ်က **"မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ် ပုံတောင်ပုံညာဒေသအား Ecotourism (ဂေဟအကျိုးပြု ခရီးသွားလုပ်ငန်း) ဒေသအဖြစ် သတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း။

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်က တင်သွင်းသည့် **"ပဲခူးမြို့ ကန်တော်ကြီး ရေဝေရေလဲဒေသအား စနစ်တကျထိန်းသိမ်းစောင့်ရှောက်နိုင်ရန်နှင့် မြို့လူထုအန္တရာယ်ကင်းသော သောက်သုံးရေရရှိရေးအတွက် ကန်တော်ကြီး ရေဝေရေလဲ ရေဆင်းဧရိယာအတွင်း ပုဂ္ဂလိက လုပ်ပိုင်ခွင့်များအား ပြန်လည် ရုပ်သိမ်း၍ သဘာဝသစ်တော ကန့်သတ် နယ်မြေအဖြစ် ပြန်လည်သတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဒေါက်တာဒေါ်ပြုံး၊ အင်းတော် မဲဆန္ဒနယ်၊

(ခ) ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ်၊

(ဂ) ဒေါ်မြခွာညိုဦး၊ ရွှေတောင် မဲဆန္ဒနယ်၊

(ဃ) ဒေါက်တာဦးမြင့်သိန်း၊ ညောင်လေးပင် မဲဆန္ဒနယ်၊

(င) ဦးစောသလေးစော၊ ရွှေကျင် မဲဆန္ဒနယ်၊

(စ) ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါ မဲဆန္ဒနယ်၊

(ဆ) ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်၊

၉။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည် ပေးပို့သော **"ဥပဒေဘာသာပြန် ကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၁။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"ဥပဒေဘာသာပြန် ကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း၊

၁၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၈) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး
# (၁၇)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်
## (၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၀၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၅.၅၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ်ဦးရေ ၄၀၇ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၅ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်၊

(၂) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၁ ရက်၊

(၃) ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၁ ရက်၊

(၄) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျီဖုန်ဆား၏ အစည်းအဝေးပြီးဆုံးသည်ထိ၊

(၅) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၁ ရက်၊

(၆) လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန် ခွင့် ၁ ရက်၊

(၇) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး ခွင့် ၃ ရက်၊

(၈) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၂ ရက်၊

(၉) ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက် ခွင့် ၁ ရက်၊

(၁၀) တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၃ ရက်၊

(၁၁) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၃ ရက်၊

(၁၂) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဌေးဝင်း ခွင့် ၃ ရက်၊

(၁၃) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁ ရက်၊

(၁၄) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်နှင့်

(၁၅) မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၄ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၅ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၁၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင် ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၅ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၁၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ

**မူကြမ်း**

အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ကျောက်တံခါးမြို့နယ်၊ သာယာကုန်းလျှပ်စစ်ဓာတ်အားခွဲရုံအား ယခုထက်ပိုမို၍ လျှပ်စစ်ဓာတ်အားခွဲဝေ ပေးနိုင်ရေးအတွက် ဆောင်ရွက်မှုအခြေအနေကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာမြင့်သိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြင့်သိန်း(ညောင်လေးပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည် တော်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က ညောင်လေးပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်းဖြစ်ပြီးတော့ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါး မြို့နယ် သာယာကုန်းမှာရှိတဲ့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနရဲ့ သာယာကုန်းပင်မဓာတ်အားခွဲရုံအား ယခုထက်ပိုမို၍ လျှပ်စစ်ဓာတ်အားခွဲဝေ ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားမှုအခြေအနေများကို မေးမြန်းလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သာယာကုန်းပင်မဓာတ်အားခွဲရုံဟာ ၂၃၀/၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံဖြစ်ပြီးတော့ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းက လျှပ်စစ်ဓာတ်အားများကိုစုပြီး ခွဲဝေပို့လွှတ်ပေးရာဌာနတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး(အရှေ့ဘက်ခြမ်း) ပဲခူးတိုင်းဒေသကြီးနှင့် တောင်ငူခရိုင်အတွင်းမှာရှိ တဲ့ အချို့သောမြို့ရွာများကိုလည်း ဓာတ်အားခွဲဝေပို့လွှတ်ပေးလျက်ရှိပါတယ်။ ဒီလိုပို့လွှတ်ရာမှာ ၃၃ ကေဗွီဖီဒါနှစ်ခုနှင့် ပို့လွှတ်ပါတယ်။ ဒိုက်ဦးဖီဒါနှင့် ဖြူးဖီဒါဆိုပြီးတော့ ဖြစ်ပါတယ်။ ဒိုက်ဦးဖီဒါ

ကနေပြီးတော့ လျှပ်စစ်ဓာတ်အားကို ညောင်လေးပင်၊ ပိန်းဇလုပ်၊ ဖဒို၊ ပြွန်တန်ဆာ၊ မဒေါက်၊ ဒိုးဇရစ်၊ ဒိုက်ဦး၊ ဖောင်တော်သီဒေသများက သွယ်တန်းရယူကြရပါတယ်။ ဒီဒေသများက လျှပ်စစ်ဓာတ်အသုံး အများဆုံးအချိန်မှာ အများဆုံး Peak Load ဟာ ၁၂.၅ မဂ္ဂါဝပ်အထိ ရောက်ရှိပါတယ်။ ဖြူးဖီဒါကနေ ပြီးတော့ ကျောက်တံခါး၊ ပဲနွယ်ကုန်း၊ တောကျွဲအင်း၊ ကညွတ်ကွင်း၊ နတ်သံကွင်း၊ ကျောက်ကြီးဒေသ တွေကို လျှပ်စစ်ဓာတ်အားရယူသုံးစွဲတဲ့အခါမှာ ဒီဒေသတွေက အများဆုံး Peak Load တာဆိုလို့ရှိရင် ၈.၅ မဂ္ဂါဝပ်အထိ ရောက်ရှိပါလိမ့်မယ်။ ဒါကြောင့် ဒီဖီဒါနှစ်ခုကနေပြီးတော့ Peak Load တစ်ပြိုင်တည်း ရောက်အောင်အသုံးပြုတဲ့အခါမှာ ၂၁ မဂ္ဂါဝပ်အထိ ဝန်အားတက်သွားတဲ့အခါမှာ ဓာတ်အားခွဲရုံက Load ကိုမနိုင်တဲ့အခါ လျှပ်စစ်ဓာတ်အားဖြတ်တောက်ရခြင်းများ ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုဖြစ်ရခြင်းက ပင်မဓာတ်အားခွဲရုံကနေပြီးတော့ ၃၃ ကေဗွီ ဖီဒါနှစ်ခုနှင့် ဓာတ်အားပို့လွှတ်နိုင်ဖို့အတွက် 10 MVA Transformer သုံးလုံးကိုသာ အသုံးပြုနေရရာမှာ Transformer တစ်လုံးက လျှပ်စစ်ဓာတ်အား ၈ဝ ရာခိုင်နှုန်းသာပို့လွှတ်နိုင်တဲ့ အတွက်ကြောင့် 10 MVA Transformer ကနေပြီးတော့ဆိုလို့ရှိရင် ရှစ်မဂ္ဂါဝပ်နှုန်းနဲ့ သုံးလုံးက ၂၄ မဂ္ဂါဝပ်သာ ပို့လွှတ်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဖီဒါများက အသုံးပြုတဲ့ Load များတဲ့အခါမှာ ဓာတ်အားဖြတ်တောက်ရကြောင်းကို လေ့လာသိရှိရပါတယ်။ ဒါ့အပြင် သာယာကုန်းပင်မဓာတ်အားခွဲရုံ မှာ ဝန်ထမ်းအင်အားဟာလည်း ရှိရမယ့်ဦးရေထက် တစ်ဝက်ခန့်သာရှိပြီးတော့ အများအားဖြင့် လုံခြုံရေးဝန်ထမ်းများ လုံလောက်စွာမရှိကြောင်းကိုလည်း လေ့လာတွေ့ရှိခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ရပ်နားထားချိန်မှာ ကျေးရွာများကိုဆင်းပြီး ပြည်သူတွေနဲ့ တွေ့ဆုံ ရာမှာ ကျေးရွာတိုင်းလိုလိုကပြည်သူတွေက လျှပ်စစ်ဓာတ်အားရရှိရေးကို တောင်းဆိုနေကြပါတယ်။ လျှပ်စစ်ရရှိပြီးတဲ့ရွာတွေကလည်း ဓာတ်အားပြည့်စုံလုံလောက်စွာရရှိဖို့ တောင်းဆိုကြပါတယ်။ တစ်ခါ ကျေးလက်မီးလင်းရေးစီမံကိန်းအရ ကျေးရွာတွေကို လျှပ်စစ်ဓာတ်အားသွယ်တန်းပေးဖို့လည်း ရှိနေပါ တယ်။ လျှပ်စစ်မီးကိုအသုံးပြုပြီးတော့ ဆန်စပါးကြိတ်ခွဲတာ၊ ဆန်စက်များနှင့် အခြားလျှပ်စစ်မီးသုံးတဲ့ လုပ်ငန်းများစွာလည်း ဖြစ်ပေါ်လျက်ရှိပါတယ်။ တစ်နည်းအားဖြင့်ပြောရရင်တော့ လျှပ်စစ်ဓာတ်အား လိုအပ်ချက်တိုးတက်များပြားလာခြင်းပဲဖြစ်ပါတယ်။ ဒီလိုဒေသအတွင်းမှာ တိုးတက်လာတာနှင့်အမျှ သာယာကုန်း ပင်မဓာတ်အားခွဲရုံက 10 MVA Transformer သုံးလုံးနဲ့ မလုံလောက်တော့ကြောင်း သိရှိရပါတယ်။ ဒါကြောင့်မို့လို့ နံပါတ်(၁) ဒေသအတွင်းတိုးတက်လာနိုင်တဲ့ လျှပ်စစ်ဓာတ်အားလိုအပ် ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် သာယာကုန်းပင်မဓာတ်အားခွဲရုံကို အဆင့်မြှင့်တင်ရန်

စီမံဆောင်ရွက်ထားခြင်းရှိ/မရှိ။ နံပါတ်(၂) ရှိပါလျှင် မည်သည့်အချိန်ကာလတွင် စတင်အကောင်အထည်ဖော်ပါမည်လဲ။ နံပါတ်(၃) မရှိပါလျှင်လည်း အဘယ်ကြောင့်လဲဆိုတာကို ပြည်သူများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း မေးမြန်းသည့် ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ သာယာကုန်းဒေသရှိ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၏ သာယာကုန်းလျှပ်စစ်ဓာတ်အားခွဲရုံအား ယခုထက်ပိုမို၍ လျှပ်စစ်ဓာတ်အားခွဲဝေပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်မှုအခြေအနေကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်မှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ကျောက်တံခါးမြို့နယ်ရှိ ၂၃၀ ကေဗွီ သာယာကုန်းပင်မဓာတ်အားခွဲရုံတွင် ၃၃ ကေဗွီဓာတ်အားလိုင်းနှစ်လိုင်းဖြင့် ပဲခူးတိုင်းဒေသကြီး(အရှေ့)ရှိ မြို့နယ်များသို့ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါတယ်။ အဆိုပါဓာတ်အားလိုင်းနှစ်လိုင်းအနက် ဖြူးဖီဒါဟုခေါ်သော ဓာတ်အားလိုင်းမှ ကျောက်တံခါး၊ ပဲနွယ်ကုန်း၊ နတ်သံကွင်း၊ ကျောက်ကြီး၊ တောကျွဲအင်း၊ ကညွတ်ကွင်းမြို့များနှင့် အဆိုပါမြို့နယ်များအတွင်းရှိ ကျေးရွာပေါင်း ၆၆ ရွာရှိ စုစုပေါင်းမီးသုံးသူဦးရေ ၂၁၃၆၂ ဦးအားလည်းကောင်း၊ ၃၃ ကေဗွီ ဒိုက်ဦးဖီဒါဓာတ်အားလိုင်းမှ ဖဒို၊ ညောင်လေးပင်၊ ပိန်းဇလုပ်၊ ဒိုက်ဦး၊ ဖောင်တော်သီနှင့် အဆိုပါမြို့နယ်များအတွင်းရှိ ကျေးရွာပေါင်း ၅၂ ရွာရှိ စုစုပေါင်း မီးသုံးသူဦးရေ ၂၆၄၈၀ ဦးအားလည်းကောင်း၊ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိတာဖြစ်ပါတယ်။ အဆိုပါဓာတ်အားခွဲရုံမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားသကဲ့သို့ ဝန်ထမ်းဦးရေနည်းပါးရခြင်းအကြောင်းအရင်းကတော့ ဖွဲ့စည်းပုံအင်အားရဲ့ သုံးပုံနှစ်ပုံသာ ဝန်ထမ်းခန့်ထားရန်ဆိုတဲ့

ကန့်သတ်ချက်အရ ဝန်ထမ်းဦးရေ လျော့နည်းနေရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း ဝန်ထမ်းများကို ဝန်ထမ်းဖွဲ့စည်းပုံအတိုင်း ခန့်ထားခွင့်ရရှိလိုနေတာဖြစ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး Transformer ဓာတ်အားနိုင်နင်းမှုမရှိခြင်းကြောင့် ဓာတ်အားပေးရတာ အကန့်အသတ်ဖြစ်နေခြင်းနှင့်ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းနှင့်ပတ်သက်၍ Power Point မြေပုံဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။ သာယာကုန်းပင်မဓာတ်အားခွဲရုံတွင် ၂၃၀/၃၃/၁၁ အမ်ဗွီအေ သုံးလုံးဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော စုစုပေါင်း ၃၀ အမ်ဗွီအေ Main Transformer ဖြင့် ဓာတ်အားဖြန့်ဖြူးပေးနေတာဖြစ်ပါတယ်။ ပုံမှန်အားဖြင့် ၃၀ အမ်ဗွီအေ Transformer ကို ဓာတ်အားဖြန့်ဖြူးပေးရာမှာ အများဆုံး ၂၄ မဂ္ဂါဝပ်သာ ဓာတ်အားဖြန့်ဖြူးပေးရတာ ဖြစ်သော်လည်း အဆိုပါဒေသမှာရှိတဲ့ အများပြည်သူ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် အဆိုပါ Transformer ကို ဝန်ပိုထမ်းဆောင်စေခြင်းဖြင့် လက်ရှိအခြေအနေမှာ ၂၆ မဂ္ဂါဝပ်အထိ ဓာတ်အား ပေးနေရတဲ့အခြေအနေဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလမတိုင်မီက ဒိုက်ဦးဖီဒါရဲ့ အများဆုံး ဓာတ်အားသုံးစွဲမှုမှာ ၁၃ မဂ္ဂါဝပ်၊ ၁၄ မဂ္ဂါဝပ်အထိ ရောက်ရှိလာနိုင်ပြီး ဖြူးဖီဒါရဲ့ ဓာတ်အားသုံးစွဲမှုက အများဆုံး ၁၃ မဂ္ဂါဝပ်အထိ ရောက်ရှိလာတဲ့အချိန်ပိုင်းတွေရှိပါတယ်။ အဆိုပါအချိန်ပိုင်းတွေရောက်ရှိ လာပြီဆိုရင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုဟာ စုစုပေါင်း ၂၇ မဂ္ဂါဝပ်အထိ ရောက်ရှိလာတာဖြစ်ပါတယ်။ ပုံမှာဆိုရင် အောက်ဘက် ဘယ်ဘက်အခြမ်းမှာ ဒိုက်ဦးဖီဒါကအများဆုံးသုံးစွဲတဲ့အချိန်နဲ့ အလယ်မှာ ဖြူးဓာတ်အားလိုင်းက အများဆုံးသုံးစွဲတဲ့အချိန် နှစ်ချိန်တိုက်ဆိုင်လာရင် စုစုပေါင်း ၂၆ မဂ္ဂါဝပ်အထိ ရောက်ရှိလာနိုင်တာဖြစ်ပါတယ်။ ကျွန်တော်တို့က ဖြူးဖီဒါမှာ ၁၃ မဂ္ဂါဝပ်လောက်အထိတက်ရင် စုစုပေါင်း ၂၇ မဂ္ဂါဝပ်ဖြစ်လာတဲ့အချိန်မှာ Transformer က ၂၆ မဂ္ဂါဝပ်သာ ဝန်အားပိုနှင့် နိုင်နင်းတဲ့အချိန်ရှိတဲ့အခါမှာ ဖြူးဓာတ်အားလိုင်းပေါ်မှာ ကျွန်တော်တို့က အချို့သောနေရာလေးတွေ ကို Partial Load Shed လို့ခေါ်တဲ့ ကွက်ပြီးမီးလျှော့သုံးဖို့အတွက် စီစဉ်ရတဲ့အခြေအနေလေးတွေ ဖြစ်ပေါ်လာတာဖြစ်ပါတယ်။ သာယာကုန်းခွဲရုံမှာ ၃၃ ကေဗွီ ဗက်စ်ပေါ်မှာ ၂၃၀ Transformer ပေါ်ကနေပြီးတော့ ၂၆ မဂ္ဂါဝပ်ဓာတ်အားပို့လွှတ်တဲ့အစီအစဉ်ရယ်၊ ရဲနွယ်ဓာတ်အားပေးစက်ရုံမှာ တပ်ဆင်ထားတဲ့ ၁၂.၂၅ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံနှစ်လုံးကနေပြီးတော့ ထုတ်လွှတ်တဲ့ဓာတ်အား ကိုလည်း ပေါင်းပြီး ဓာတ်အားပေးတာဖြစ်ပါတယ်ခင်ဗျား။ သို့ရာတွင် ရဲနွယ်ရေအားလျှပ်စစ်ဓာတ်အား ပေးစက်ရုံဟာ လျှပ်စစ်ဓာတ်အားထုတ်လွှတ်ခြင်းကိုသာမက စိုက်ပျိုးရေး ရေပေးဝေရန်အတွက်လည်း အသုံးပြုရတဲ့ဓာတ်အားပေးစက်ရုံဖြစ်ပါတယ်။ အဆိုပါအစီအစဉ်အရ စိုက်ပျိုးရေး ရေလိုအပ်မှု၊

တောင်းခံမှုအချိန်ဆိုခဲ့ရင် ကျွန်တော်တို့က ရဲနွယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံရဲ့ ဓာတ်အား ထုတ်လွှတ်မှုကို ရပ်တန့်ထားရတာဖြစ်ပါတယ်။ ပထမ Slide လေးပဲ ပြန်တင်ပြစေချင်ပါတယ်။ အဆိုပါ စိုက်ပျိုးရေး ရေလိုအပ်မှုရှိတဲ့အချိန်ဆိုရင် ရဲနွယ်ဓာတ်အားပေးစက်ရုံကို ရပ်တန့်ထားရတာဖြစ်တဲ့ အတွက်ကြောင့် ထုတ်လွှတ်မှုဟာ သုညမဂ္ဂါဝပ်ဖြစ်နေတဲ့အချိန်ဆိုရင် Main Transformer ကြီးကသာ ဒိုက်ဦးနှင့် ဖြူးကို အဓိကမီးပေးရတဲ့အခြေအနေဖြစ်လာပါတယ်ခင်ဗျား။ ဒီအခါမှာ Transformer ကြီးက နိုင်နင်းမှုမရှိတဲ့အတွက် ဝန်အားလျှော့ရတာဖြစ်ပါတယ်။

ဒုတိယ Slide ပါခင်ဗျ။ ထိုကဲ့သို့ Main Transformer ကြီး လောင်ကျွမ်းမှုမဖြစ်စေရန်အတွက် ကျွန်တော်တို့က ဒိုက်ဦးနှင့် ညောင်လေးပင်မြို့နယ်အတွင်းမှာရှိတဲ့ ပြည်သူတွေ ကာလကြာရှည် ဓာတ်အားပြတ်တောက်ခြင်းကနေ ကင်းဝေးစေဖို့အတွက် အချိန်အခိုက်အတန့်အားဖြင့် တစ်မဂ္ဂါဝပ်ခန့် ဓာတ်အားလျှော့ပေးခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် ရဲနွယ်ဓာတ်အားပေးစက်ရုံသာ ဓာတ်အားထုတ်နိုင် တဲ့အချိန်ဆိုရင် ရဲနွယ်ဘက်က ၂၀ မဂ္ဂါဝပ်ခန့်ထုတ်နိုင်ရင် ဒိုက်ဦးရော၊ ဖြူးမှာရော သုံးတဲ့ ၂၇ မဂ္ဂါဝပ် အတွက် ထပ်မံလိုအပ်တဲ့ခုနစ်မဂ္ဂါဝပ်ခန့်ကိုသာ Main Transformer ကြီးကနေပြီး ဖြတ်သန်းပေးရတဲ့ အခြေအနေဆိုရင် ရဲနွယ်ဓာတ်အားပေးစက်ရုံဝင်နေပါက Transformer ကြီး Over Load မဖြစ်ပါ ခင်ဗျား။ တတိယပုံနှင့် ဆက်လက်ရှင်းလင်းတင်ပြခွင့်ပြုပါ။ မိမိစတင်တာဝန်ထမ်းဆောင်ရပြီး နောက်ပိုင်းမှာ လုပ်ငန်းခွင်များသို့ ခရီးထွက်ပြီးတော့ စစ်ဆေးတဲ့အခါမှာ အထက်ပါအကြောင်းအရာ ကို သိရှိခဲ့ရပါတယ်။ ထိုသို့သိရှိခဲ့တဲ့အတွက်ကြောင့် ထပ်မံပြီး အဲဒီအခြေအနေကို အမြန်ဆုံးဖြေရှင်း လို့ရအောင်ဆိုပြီးတော့ ဖြူးဖီဒါဓာတ်အားပေးထားတဲ့ 10 MVA ဖြူးဓာတ်အားခွဲရုံကို ၄-၁၀-၂၀၁၆ ရက်နေ့မှစပြီး ၂၃၀ ကေဗွီ တောင်ငူပင်မဓာတ်အားခွဲရုံမှ ဓာတ်အားပေးထားသော ဇေယျာဝတီဖီဒါ ပေါ်ကို ပြောင်းလဲပြီး ဓာတ်အားပေးခဲ့တဲ့အတွက်ကြောင့် မူလက ဖြူးဖီဒါအပေါ်မှာ သုံးထားတဲ့ ငါးမဂ္ဂါဝပ်ဝန်အားဟာ သာယာကုန်းခွဲရုံပေါ်ကနေ လျော့နည်းသွားပြီဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိ အခြေအနေမှာ ရဲနွယ်ဓာတ်အားပေးစက်ရုံက ဓာတ်အားထုတ်လုပ်နိုင်ခြင်းမရှိတဲ့အချိန်မှာတောင်မှ သာယာကုန်းခွဲရုံမှာ ဝန်အားပိုခြင်းမရှိတော့ဘဲ Partial Load Shed ဆောင်ရွက်ခြင်းမရှိတော့ဘူး ဆိုတာလေးကိုလည်း တင်ပြလိုပါတယ်။ ဆက်လက်ပြီးတော့ မိမိတို့ဝန်ကြီးဌာနအနေနဲ့ သာယာကုန်း ပင်မဓာတ်အားခွဲရုံမှ ဓာတ်အားပေးထားတဲ့ မြို့နယ်၊ ကျေးရွာများကို ယခုထက်ပိုမိုပြီး လျှပ်စစ် ဓာတ်အားပေးနိုင်ရန်အတွက် သာယာကုန်းပင်မဓာတ်အားခွဲရုံမှာရှိတဲ့ 30 MVA Tarnsformer နေရာမှာ 60 MVA Transformer ဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်းမှာ အစားထိုးတပ်ဆင်

သွားဖို့ စီစဉ်ဆောင်ရွက်ထားရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**မက်မန်းမြို့နယ်ရှိ ငှက်ယောင်း-ပန်ပွဲ-ဝမ်ကွမ်-ကျူရစ်-ပန်ကော်မြေသားလမ်း(၁၂)မိုင်၊ ရောင်အူ(ဝ)-ရောင်ကွန်မြေသားလမ်း(၇)မိုင်နှင့် ရောင်စောင်း-ခိုဟင်မြေသားလမ်း(၁/၃)မိုင်တို့အား ဖောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်အေး(မက်မန်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မက်မန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တင်ပြမယ့်ကြယ်ပွင့်ပြမေးခွန်းကတော့ ကျေးရွာချင်းဆက်မြေသားလမ်း ဖောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင်ဆောင်ရွက်ပေးမည်ကို သိရှိလိုတဲ့မေးခွန်းဖြစ်ပါတယ်။ ဒီကျေးရွာတွေကတော့ (က) ငှက်ယောင်း-ပန်ပွဲ-ဝမ်ကွမ်-ကျူရစ်-ပန်ကော်မြေသားလမ်း ၁၂ မိုင်၊ (ခ) ရောင်အူ(ဝ)-ရောင်ကွန်မြေသားလမ်း ၇ မိုင်၊ (ဂ) ရောင်စောင်း-ခိုဟင်မြေသားလမ်း ၁မိုင် ၃ ဖာလုံ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကိုကြယ်ပွင့်ပြအနေနဲ့ မေးရခြင်းအကြောင်းကတော့ ကျွန်တော်တို့မက်မန်းမြို့အနေနဲ့ လမ်းအနေနဲ့ဆိုရင်တော့ မိုင်းပျဉ်း-မက်မန်းလမ်းတစ်လမ်းပဲရှိပါတယ်။ ကျောက်ခင်းလမ်းပဲဖြစ်ပါတယ်။ ကျေးရွာချင်းဆက်လမ်းအနေနဲ့ကတော့ ရာခိုင်နှုန်း ၉၀ ကျော် မရှိဘူးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ကြယ်ပွင့်ပြအနေနဲ့ မေးမြန်းရခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ မက်မန်းမြို့နယ်ဟာဆိုရင် တောတောင်ထူထပ်ပြီးတော့ သွားလာရေးခက်ခဲတဲ့ဒေသလည်းဖြစ်ပါတယ်။ ပင်လယ်ရေမျက်နှာပြင်အထက် ၅၁၈၀ ပေမှာ ရှိပါတယ်။ အစစအရာရာဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေတဲ့ မြို့နယ်လေးတစ်ခုလည်းဖြစ်ပါတယ်။ မက်မန်းမြို့နယ်မှာ ရပ်ကွက်ကြီးနှစ်ခု၊ ကျေးရွာအုပ်စု ၁၁ ခုနဲ့ ကျေးရွာပေါင်း ၉၇ ရွာရှိပါတယ်။ လူမျိုးအနေနဲ့ လွယ်လ၊ ဗမာ၊ လားဟူ၊ ရှမ်း မှီတင်းနေထိုင်တဲ့မြို့နယ်လေးဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ လွှတ်တော်နားချိန်မှာ ရွေးကောက်ပွဲနယ်မြေကို သွားရောက်ခဲ့ပြီးတော့ ဒေသခံမြို့မိ၊ မြို့ဖ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများနဲ့ ဒေသခံပြည်သူလူထုနဲ့တွေ့ဆုံတဲ့အခါမှာ ဒေသလိုအပ်ချက်အများဆုံးက ဒီကျေးရွာချင်းဆက်လမ်းကိုပဲ တင်ပြတာကိုတွေ့ရှိရပါတယ်။ ဒီလူသွားလမ်းတွေကလည်း ဥပမာ-မိုးတွင်းမှာဆိုရင် မြို့နယ်အုပ်ချုပ်ရေးမှူးကနေပြီးတော့ ရပ်ကွက်ကျေးရွာ

အုပ်ချုပ်ရေးမှူးတွေ ရပ်/ကျေးစာရေးတွေကိုခေါ်တဲ့အခါမှာ တချို့ဆိုရင် သုံးညအိပ် လေးရက်အထိ လာရတာရှိပါတယ်။ အဲဒီတော့ အချိန်မီအစည်းအဝေးတွေမမီတာလည်းရှိပါတယ်။ လူသွားလမ်းကို ဆိုင်ကယ်လမ်းလုပ်ပြီးတော့လည်း သွားရပါတယ်။ ဆိုင်ကယ်တောင်မှ ချိန်းပတ်ပြီးမှ သွားလို့ရတဲ့ နေရာမျိုးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒေသထွက်ကုန်ကိုလည်း ကျေးရွာများကနေပြီးတော့ ဆိုင်ကယ်နဲ့ မိုင်းပျဉ်း-မက်မန်းလမ်းထိရောက်အောင် သယ်ယူပို့ဆောင်လျက်ရှိတာကိုလည်း တွေ့ရှိရပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာမှာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုသည်ဟာလည်း အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါတယ်။ ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ပြီးပါက ကျေးရွာနေပြည်သူလူထုတိုင်းရင်းသားများရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ကို များစွာအထောက်အကူပြုမှာလည်း ဖြစ်ပါတယ်။ ယခု လွှတ်တော်ကြီးကနေတစ်ဆင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်ဝန်ကြီးဌာနကို တင်ပြတဲ့အတွက် သက်ဆိုင်ရာဝန်ကြီးတွေကနေဆောင်ရွက်ပေးမှုအရ RE မှာလည်း ဒီလမ်းပိုင်းနှင့် ပတ်သက်ပြီးတော့ ပါဝင်သွားတာကိုလည်း တွေ့ရပါတယ်။ လာမယ့်နှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် BE မှာလည်း လျာထားတာကိုတွေ့ရတဲ့အတွက် အင်မတန်ဝမ်းမြောက်ရပါတယ်။ ယခုလိုပဲ အလားတူ ကွျန်တော့် မက်မန်းမြို့နယ်အတွက် တင်ပြတဲ့လမ်းကိုလည်း အလေးထားပြီးတော့ စီမံဆောင်ရွက်ပေး နိုင်ပါရန် လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွန်း(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါ။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မက်မန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေးရဲ့ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မက်မန်းမြို့နယ်မှာရှိတဲ့ ကျေးရွာချင်းဆက်မြေသားလမ်းများဖြစ်ကြတဲ့ ငှက်ယောင်း-ပန်ပွဲ-ဝမ်ကွမ်-ကျူရစ်-ပန်ကော်မြေသားလမ်း ၁၂ မိုင်၊ ရောင်အူ(ဝ)-ရောင်ကွန် မြေသားလမ်း ၇ မိုင် နှင့် ရောင်စောင်း-ခိုဟင်မြေသားလမ်း ၁/၃ မိုင်တို့အား ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ၊

အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကိုသိရှိလိုခြင်း ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ကျွန်တော် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွန်းမှ ပြန်လည် ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းချက်ပါ ငှက်ယောင်း-ပန်ပွဲ-ဝမ်ကွမ်-ကျူရစ်-ပန်ကော်လမ်း ၁၂/၀ မိုင်အနက် ငှက်ရောင်းမှကျူရစ်အထိ ၆/၀ မိုင်မြေသား လမ်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရရန်ပုံငွေတွင် ငွေကျပ် ၁၀၃.၃၉၂ သန်းလျာထားပြီးဖြစ်ကြောင်း ဒေသရဲ့တင်ပြချက်အရ သိရှိရပါတယ်။ ရောင်စောင်း-ခိုဟင် မြေသားလမ်း ၁/၃ မိုင်အပါအဝင် နမ့်တော်-ရောင်စောင်း-ခိုဟင်လမ်း ၆/၀ မိုင်အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေတွင် ငွေကျပ် ၁၀၃.၃၉၂ သန်းဖြင့် အဆိုပြု လျာထားပြီးဖြစ်ပါတယ်။ ကျန်ရှိတဲ့လမ်းပိုင်းများဖြစ်တဲ့ ရောင်အူ(၀)-ရောင်ကွန်မြေသားလမ်း ၇ မိုင်နှင့် ငှက်ယောင်း-ပန်ပွဲ-ဝမ်ကွမ်-ကျူရစ်-ပန်ကော်လမ်း ၆ မိုင်လမ်းအပိုင်းများအား ရှမ်းပြည်နယ် အစိုးရ အဖွဲ့မှ စိစစ်ထောက်ခံတင်ပြလာပါက နယ်စပ်ဒေသဖွံ့ဖြိုးရေးငါးနှစ်စီမံကိန်းမှာ ထည့်သွင်းပြီးတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်၍ နှစ်အလိုက်ဦးစားပေးအစီအစဉ်အလိုက် ရန်ပုံငွေခွင့်ပြုဝင်ဆံ့ မှုနှင့်အညီ ထည့်သွင်းလျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါ တယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပြီးတဲ့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အင်ကြင်းကျောက်တူးဖော်တင်ပို့ရောင်းချနေခြင်းများကို နိုင်ငံတော်နှင့် ဒေသခံများ အကျိုးအမြတ် ဖြစ်ထွန်းစေရေးအတွက် မည်ကဲ့သို့သော မူဝါဒများ ချမှတ်သွားမည်နှင့် မည်ကဲ့သို့သော စျေးကွက် ဖော်ဆောင်ပေးခြင်းများ ပြုလုပ်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနိုင်ထူးအောင်(နွားထိုးကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထူးအောင်ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ အင်ကြင်းကျောက်တူးဖော်တင်ပို့ရောင်းချနေခြင်းများကို နိုင်ငံတော်နှင့် ဒေသခံပြည်သူများ အကျိုးအမြတ်ဖြစ်ထွန်းစေရေးအတွက် မည်ကဲ့သို့သောမူဝါဒများ ချမှတ်သွားမည်နှင့် မည်ကဲ့သို့သော

ဈေးကွက်ဖော်ဆောင်ပေးခြင်းများ ပြုလုပ်ပေးမည်ကို မေးမြန်းသွားမှာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အင်ကြင်းကျောက်ဆိုတာ သစ်ပင်များကနေ နှစ်သန်းပေါင်းများစွာကြာမြင့်တဲ့အခါမှာ ကျောက်အဖြစ်ပြောင်းလဲသွားတဲ့ ရှားပါးသော ရုပ်ကြွင်းကျောက်တစ်မျိုးပဲဖြစ်ပါတယ်။ ယင်းကျောက်များရဲ့ အတွင်းသားဟာ လှပတဲ့အရောင်အသွေးတွေရှိတတ်ပါတယ်။ ဒီလိုကျောက်မျိုးတွေကို အလှဆင်ရန်အတွက်လည်းကောင်း၊ လက်ဝတ်တန်ဆာအဖြစ်လည်းကောင်း အသုံးပြုကြပြီးတော့ တန်ဖိုးလည်းကြီးမားလှပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့မဲဆန္ဒနယ်မှာ ယခင်ကတည်းက အင်ကြင်းကျောက်များစွာရှိပေမယ့် တန်ဖိုးကိုနားမလည်တဲ့အတွက်ကြောင့် တူးဖော်ရောင်းချတာ၊ အသုံးပြုခဲ့တာမရှိပါဘူး။ ၂၀၀၀ ပြည့်နှစ်ဝန်းကျင်လောက်ရောက်မှပဲ တရုတ်ပြည်ကဝယ်ယူမှုတွေရှိလာခဲ့ပြီး တူးဖော်ရောင်းချမှုတွေ စတင်လာခဲ့ပါတယ်။ ဒီလိုတူးဖော်ရောင်းချမှုတွေရှိလာပေမယ့်လည်း နိုင်ငံတော်က မူဝါဒ ချမှတ်ပေးခဲ့မှု မရှိပါဘူး။ အင်ကြင်းကျောက်ကို အဲဒီအချိန်တုန်းက တူးဖော်တင်ပို့ရောင်းချခဲ့ခြင်းများဟာ အကျင့်ပျက်ဝန်ထမ်းများနှင့်ပေါင်းပြီး လိုင်းကြေးဆိုတာတွေပေးပြီး တရားမဝင်ပြုလုပ်ခဲ့ခြင်းများဖြစ်ပါတယ်။ နိုင်ငံတော်အတွက် အခွန်ငွေတစ်ပြားတစ်ချပ်မှမရပါဘဲ တန်ဖိုးကြီးတဲ့နိုင်ငံရဲ့ သယံဇာတများဟာ တစ်ဖက်နိုင်ငံကို ဈေးပေါပေါနဲ့ ရောက်ရှိသွားခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်ခန့်ကစပြီး အင်ကြင်းကျောက်ကို အမှတ်(၃) သတ္တုတွင်းလုပ်ငန်း၊ အနောက်ပိုင်း အမှတ်(၁)သတ္တုတွင်းလုပ်ငန်းရဲ့ စီမံခန့်ခွဲမှုအောက်ကိုထည့်သွင်းခဲ့ပြီးတော့ ဓာတ်သတ္တုအခွန် သုံးရာခိုင်နှုန်း၊ ထုတ်လုပ်မှုအပေါ်အချိုး ၈.၂၅ ရာခိုင်နှုန်းနဲ့ တွင်းဝခွန် သုံးရာခိုင်နှုန်းကို ပေးဆောင်စေပြီး တင်ပို့ရောင်းချခွင့်ကို တရားဝင်ခွင့်ပြုလာခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီမူဝါဒမှာလည်း လက်တွေ့မြေပြင်အခြေအနေနဲ့ မကိုက်ညီမှုတွေအများကြီးပါ။ ပထမတစ်ခုကတော့ ကျောက်အတန်းအစားခွဲခြားမှုပါ။ အင်ကြင်းကျောက်ကို ကျောက်အတန်း အစား A, B, C နဲ့ D ဆိုပြီး လေးမျိုးလေးစားထားပြီးတော့ အခွန်ဆောင်ဖို့ဈေးဖြတ်ပါတယ်။ အကောင်း ဆုံး A နဲ့ အညံ့ဆုံး D က ခွဲခြားရန်လွယ်ကူတဲ့အတွက် ပြဿနာမရှိပေမဲ့ အလယ်အလတ်တန်းစား B နဲ့ C မှာတော့ ပြဿနာရှိပါတယ်။ အင်ကြင်းကျောက်ဆိုတာ ကျောက်တုံးတစ်တုံးထဲမှာကိုက အရည်အသွေးက အပိုင်းလိုက်ကွဲပြားတဲ့အပြင် B အဆင့်နဲ့ C အဆင့်ကလည်း ခွဲခြားဖို့အလွန်ခက်ပါတယ်။ ဒါကြောင့်မို့လို့ အမျိုးအစားသတ်မှတ်တာကို သုံးမျိုးပဲသတ်မှတ်တာက ပိုကောင်းပါလိမ့်မယ်။ ဒါ့အပြင် ဈေးနှုန်းစိစစ်ရေးအတွက်လျှောက်ထားရင် တစ်လလောက်ကြာအောင်စောင့်ရပြီး ဈေးနှုန်းစိစစ်ရေး ကော်မတီက ဈေးဖြတ်ပြီးတော့ Export လိုင်စင်လျှောက်ထားတဲ့အခါမှာလည်း

တစ်လခွဲလောက်အထိ စောင့်ဆိုင်းနေရပါတယ်။ အင်ကြင်းကျောက်ဆိုတာ တူးဖော်ပြီး ကွင်းပြင်ထဲမှာ ဒီအတိုင်းထားတာ ကြာလာရင် အရောင်မှိန်လာပြီးတော့ တန်ကြေးကျတတ်ပါတယ်။ ဒါ့အပြင် ဒေသခံအချို့ကလည်း အင်ကြင်းကျောက်လုပ်ငန်းကို ချေးငှားပြီးတော့လုပ်ရတာတွေ၊ ရောင်းရလို့ငွေပေါ်ပြီးမှ နောက် လုပ်ငန်းတစ်ခုလုပ်နိုင်တာတွေရှိနေတော့ ဒီလောက်အထိကြန့်ကြာနေမှုက များစွာအဆင်မပြေဖြစ်စေပါတယ်။ ဒါကြောင့် ဈေးနှုန်းစိစစ်ခြင်းနဲ့ Export လိုင်စင်ထုတ်ပေးခြင်းကိုလည်း လျင်လျင်မြန်မြန်နဲ့ ပြီးစီးအောင်ဆောင်ရွက်သင့်ပါတယ်။

နောက်တစ်ချက်ကတော့ အင်ကြင်းကျောက်ကို တရားဝင်တင်ပို့ ရောင်းချခွင့်ပြုထားပေမယ့် ဥပဒေနဲ့အညီတူးဖော်ခွင့်ရအောင် ဘယ်လိုလုပ်ရမယ်ဆိုတာကို တိတိကျကျမသိရတဲ့ကိစ္စဖြစ်ပါတယ်။ အဲဒီအတွက် တရားဝင်တူးဖော်ခွင့်ကို ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာ အားလုံးရှင်းလင်းစွာ သိရှိနိုင်ရေးနဲ့ လွယ်ကူစွာလျှောက်ထားနိုင်ရေး ဆောင်ရွက်ပေးဖို့ လိုအပ်နေပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အင်ကြင်းကျောက်ဆိုတာ အကန့်အသတ်နဲ့ရှိနေတဲ့ သဘာဝသယံဇာတတွေဖြစ်ပါတယ်။ ဒါကြောင့် အရိုင်းအတိုင်း အများအပြားရောင်းချတာမျိုးကို နည်းနိုင်သလောက်နည်းပြီး Value Added ဖြစ်တဲ့ အချောထည်အဖြစ် ရောင်းချတာမျိုးကိုပဲ အဓိက ဖြစ်လာအောင် ဆောင်ရွက်သင့်ပါတယ်။ သို့မှသာ အချောထည်ပြုလုပ်မယ့်လုပ်ငန်းများမှာ ဒေသခံများ အလုပ်အကိုင်ရလာမှာဖြစ်သလို သဘာဝသယံဇာတများကုန်ဆုံးမှုကိုလည်း လျှော့နည်းစေမှာဖြစ်ပါတယ်။ ဒါကြောင့် Value Added ဖြစ်လေ အခွန်လျှော့ကောက်လေဆိုတဲ့ မူမျိုးတွေချပေးဖို့ အချောထည်လက်မှုပစ္စည်းများပြုလုပ်နိုင်အောင် လိုအပ်တဲ့ပံ့ပိုးမှုတွေပြုလုပ်ပေးဖို့ သင့်ပါတယ်။

နောက်တစ်ခုကတော့ ဈေးကွက်ပါ။ အင်ကြင်းကျောက်ကို မြန်မာပြည်ထဲမှာရောင်းရတာ မဟုတ်ဘူး။ တရုတ်ပြည်ထဲကို သွားရောင်းတာဆိုတော့ ဈေးနှိမ်လည်း ဒီလောက်လေးလံတဲ့ကျောက်တွေကို ပြန်သယ်သွားဖို့မလွယ်ဖြစ်ပြီး ရရာဈေးနဲ့ရောင်းရတာတွေ မကြာခဏကြုံနေရပါတယ်။ ဒီအတွက် အစိုးရအနေနဲ့ နည်းလမ်းရှာဆောင်ရွက်ပေးသင့်သလို အင်ကြင်းကျောက်နဲ့ပြုလုပ်ထားတဲ့ ရုပ်ထု၊ လက်ဝတ်တန်ဆာတွေကို တရုတ်အပြင် ဗီယက်နမ်၊ ဂျာပန်၊ ထိုင်ဝမ်တို့လိုနိုင်ငံတွေကလည်း နှစ်ခြိုက်စွာနဲ့ ဝယ်ယူတာတွေရှိလို့ အဲဒီနိုင်ငံတွေကို ရောင်းချနိုင်ရေးလည်း ကူညီဆောင်ရွက်ပေးသင့်ပါတယ်။ မြန်မာနိုင်ငံကိုလာတဲ့ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များကလည်း အင်ကြင်းကျောက်နဲ့ပြုလုပ်ထားတဲ့ အလှဆင်ပစ္စည်းများ၊ လက်ဝတ်တန်ဆာများကို ဝယ်ချင်ပါတယ်။ ဒါပေမဲ့ ပြဿနာက အင်ကြင်းကျောက်နဲ့ပြုလုပ်ထားတဲ့ပစ္စည်းအတွက် Cash Memo ထုတ်မပေးနိုင်တော့ လေယာဉ်ကွင်း

တွေကိုရောက်ရင် ထားခဲ့ရပါတယ်။ သို့အတွက်ကြောင့် နောက်ပိုင်းမှာ မဝယ်ယူကြတာတွေဖြစ်လာလို့ ဒီကိစ္စကိုလည်း စီစဉ်ဆောင်ရွက်ပေးဖို့ လိုပါလိမ့်မည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အားဖြင့် မူဝါဒတစ်ခုကိုချမှတ်တဲ့အခါမှာ လက်တွေ့ကျင့်သုံးဖို့အဆင်ပြေရန်နှင့် နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် အများဆုံးအကျိုးပြုနိုင်ရန် ဆိုတဲ့အချက်နှစ်ချက်အပေါ် မူတည်ပြီး စဉ်းစားရပါမယ်။ ယခုအခါ အင်ကြင်းကျောက်နဲ့ပတ်သက်ပြီး အဲဒီနှစ်ချက်နဲ့ကိုက်ညီတဲ့ မူဝါဒသစ်တစ်ရပ် ချမှတ်ဖို့လိုနေပါပြီ။ သို့ဖြစ်ပါ၍ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးကို ရှေးရှုလို့ အင်ကြင်းကျောက်တူးဖော် တင်ပို့ရောင်းချနေခြင်းများကို နိုင်ငံတော်နှင့် ဒေသခံပြည်သူများ အကျိုးအမြတ်ဖြစ်ထွန်းစေရေးအတွက် မည်ကဲ့သို့သောမူဝါဒများ ချမှတ်သွားမည်နှင့် မည်ကဲ့သို့သော စျေးကွက်ဖော်ဆောင်ပေးခြင်းများ ပြုလုပ်ပေးမည်ဆိုတဲ့မေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးအုန်းဝင်းဖြစ်ပါတယ်။ နွားထိုးကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထူးအောင်ရဲ့ အင်ကြင်းကျောက်တူးဖော်တင်ပို့ရောင်းချခြင်းများအတွက် နိုင်ငံတော်နှင့် ဒေသခံများ အကျိုးအမြတ်ဖြစ်ထွန်းရေးအတွက် မည်ကဲ့သို့သော မူဝါဒများချမှတ်သွားမည်ကို မည်ကဲ့သို့သော စျေးကွက်ဖော်ဆောင်ပေးခြင်းများ ပြုလုပ်သွားမည်ကို သိရှိလိုခြင်းနှင့် ပတ်သက်တဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ၂၂-၂-၂၀၁၁ ရက်နေ့မှာ ကျင်းပတဲ့ အစိုးရအဖွဲ့ရဲ့ (၈/၂၀၁၁)ကြိမ်မြောက် အစည်းအဝေးကနေပြီးတော့ သဘောတူညီချက်အရ ယခင်သတ္တုတွင်းဝန်ကြီးဌာနကနေပြီးတော့ ၂၇-၂-၂၀၁၁ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၂၀/၂၀၁၁)ကို ထုတ်ပြန်ကြေညာပြီးအင်ကြင်းကျောက်ကို အလှဆင်ကျောက်ထုတ်လုပ်ရန် အဆင့်မီတဲ့ကျောက်အဖြစ်

ဖြည့်စွက်သတ်မှတ်ခဲ့ပါတယ်။ ၅-၇-၂၀၀၁ ရက်စွဲမှာ ကျင်းပခဲ့တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ (၂၅/၂၀၁၂) အစည်းအဝေးကနေ သဘောတူညီချက်အရ ယခင်သတ္တုတွင်းဝန်ကြီးဌာနက ၁၃-၇-၂၀၁၂ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်ကို အမှတ်(၅၁/၂၀၁၂)ကို ထုတ်ပြန်ပြီး အင်ကြင်းကျောက်ကို မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ အများပိုင်ကုမ္ပဏီတွေကို စနစ်တကျဖွဲ့စည်းမှတ်ပုံတင်ပြီးတော့ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ တူးဖော်ထုတ်လုပ်ခြင်း၊ တန်ဖိုးမြှင့်ပြုလုပ်ခြင်းများနှင့် ပြည်တွင်း၊ ပြည်ပသို့တင်ပို့ရောင်းချမှုများကို သတ်မှတ်လုပ်ထုံးများနှင့်အညီလုပ်ဆောင်ရန်အတွက် ခွင့်ပြုပေးခဲ့ပါတယ်။ ဝန်ကြီးဌာနက စီမံခန့်ခွဲနိုင်ရန်အတွက် အလှဆင်ကျောက်ထုတ်လုပ်ရန် အဆင့်မီကျောက်အဖြစ် သတ်မှတ်ခဲ့သော်လည်း အင်ကြင်းကျောက်ရဲ့ သဘောသဘာဝအရ သတ္တုရဲ့စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းတွေကို လုပ်ကွက်တစ်ကွက်အတွင်းမှာ အကြောလိုက်၊ Deposit အလိုက် တည်ရှိနေတာမဟုတ်ဘဲနဲ့ နေရာအနှံ့အပြားမှာ Started ဖြစ်နေတဲ့အတွက်ကြောင့်မို့လို့ လုပ်ကွက်နေရာသတ်မှတ်တူးဖော်ခြင်းဟာ အခက်အခဲရှိပါတယ်။ သို့ပါသော်လည်းပဲ တရားဝင်ဖြစ်ပေါ်စေရေးအတွက် တူးဖော်ထုတ်လုပ်သူများရရှိတဲ့ အင်ကြင်းကျောက်အပေါ်မှာ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းက သတ်မှတ်ထားတဲ့ဒေသပေါက်ဈေးငွေနဲ့ ဓာတ်သတ္တုခွန်ကို သတ္တုတွင်းဦးစီးဌာနကို ပေးဆောင်စေပြီးတော့ ပြည်တွင်းပြည်ပသယ်ယူရောင်းချမှုများကိုလည်းလုပ်ငန်းကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။

ယခင်သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၃)ကနေပြီးတော့ အမှတ်(၁)ကို ပြောင်းလဲပြီးတော့ဆောင်ရွက်ခဲ့ပါတယ်။ တရားမဝင်တူးဖော်ရောင်းချနေတဲ့ အင်ကြင်းကျောက်လုပ်ငန်းတွေကို ကျွန်တော့်ကို Power Point တင်ပြခွင့်ပြုပါခင်ဗျား။ တရားဝင်လုပ်ငန်းဖြစ်ပေါ်စေရေးအတွက် နိုင်ငံတော်အနေနဲ့ ရသင့်ရထိုက်တဲ့အခွန်အခတွေကို ဆုံးရှုံးလျော့ပါးမှုမဖြစ်စေရေးနှင့် တရားမဝင်သယ်ယူရောင်းချမှုမရှိစေရေးတို့အတွက် အင်ကြင်းကျောက်လုပ်ငန်းရှင်များကို လုပ်ထုံးလုပ်နည်းများနဲ့အညီ တရားဝင်ကုမ္ပဏီများဖွဲ့စည်းလုပ်ကိုင်ဆောင်ရွက်ပြီးတော့ ၇-၇-၂၀၁၃ ရက်နေ့မှာ လုပ်ငန်းရှင်များနှင့်ဝန်ကြီးဌာနတို့ ညှိနှိုင်းဆွေးနွေးပြီးတော့ အင်ကြင်းကျောက်လုပ်ငန်းရှင်များအသင်း ဖွဲ့စည်းခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းက အင်ကြင်းကျောက်လုပ်ငန်းရှင်များအသင်းနဲ့ပူးပေါင်းပြီး အင်ကြင်းကျောက်ပြည်တွင်းသယ်ယူပို့ဆောင်ရေးနှင့်ပြည်ပသယ်ယူပို့ဆောင်ရေးများကိုလည်းပဲအပေါ်မှာ စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ အင်ကြင်းကျောက်ကို ပြည်တွင်းသယ်ယူခြင်း၊ ပြည်ပသို့ သယ်ယူခြင်းများပြုလုပ်ရန် အင်ကြင်း

ကျောက်လုပ်ငန်းရှင်များအသင်းနဲ့ ဦးစွာဆက်သွယ်ရပါတယ်။ အသင်းရဲ့ စိစစ်ထောက်ခံချက်နဲ့ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းကို တင်ပြလျှောက်ထားရမှာဖြစ်ပါတယ်။ တင်ပြလျှောက်ထားမှု အပေါ်မှာ ဝန်ကြီးဌာနက အင်ကြင်းကျောက်ရဲ့ အရည်အသွေး၊ အတန်းအစား၊ တန်ဖိုးမှန်ကန်မှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့နဲ့ စစ်ဆေးဆောင်ရွက်ပြီးတော့ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ရဲ့ အစီရင်ခံစာအပေါ်မှာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကနေပြီးတော့ ဈေးနှုန်းစိစစ်ရေးကော်မတီက ထပ်မံစိစစ်ပြီး ဈေးနှုန်းကို ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး EC ကနေပြီးတော့ အတည်ပြုပါတယ်။

လုပ်ငန်းရှင်များအနေနဲ့ ပြည်တွင်းသယ်ယူရန်အတွက် မြန်မာကျပ်ငွေဖြင့်ပေးရမယ့် ဓာတ်သတ္တုအခွန်ကတော့ ၂ ရာခိုင်နှုန်းဖြစ်ပြီးတော့ ခွဲဝေမှုအချိုးကတော့ ခုနက ကိုယ်စားလှယ် တော်ကြီးတင်ပြတဲ့အတိုင်းပါပဲ ၈.၂၅ ရာခိုင်နှုန်းကို ဝန်ကြီးဌာနကို ပေးသွင်းပြီးတော့ မျှောစာထုတ်ပေး ခြင်းအားဖြင့် သက်ဆိုင်ရာဌာနများက ဆောင်ရွက်သွားပါတယ်။ ပြည်ပပို့ဆောင်မှုများအတွက်ကိုတော့ နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာနဲ့ပေးရမယ့် ဓာတ်သတ္တုခွန် ၂ ရာခိုင်နှုန်းနဲ့ ခွဲဝေမှုအချိုး ၈.၂၅ ရာခိုင်နှုန်းအပြင် မြန်မာကျပ်ငွေ ဒေသပေါက်ဈေးသုံးရာခိုင်နှုန်းကို ပေးဆောင်စေပြီးတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ဈေးနှုန်းထောက်ခံချက်များထုတ်ပေးခြင်းကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒုတိယမေးခွန်းကို ကျွန်တော်ဆက်လက် ဖြေကြားရမယ်ဆိုလို့ရှိရင် ဈေးကွက်ဖော်ဆောင်ပေးခြင်းအနေနဲ့ ပတ်သက်လို့ အချောထည်ပြုလုပ်ဖို့အတွက် နည်းပညာများ လိုအပ်ချက်ရှိခြင်း၊ ငွေကြေးနဲ့ စက်ကိရိယာရင်းနှီးမြှုပ်နှံမှုပမာဏမြင့်မားခြင်း၊ ပြည်တွင်းအသုံးပြုမှု နည်းပါးခြင်း၊ ပြည်ပဝယ်လက်ရဲ့ လိုအပ်ချက်ပေါ်မူတည်ပြီး ဈေးကွက်ဖြစ်ခြင်းကြောင့် ဝန်ကြီးဌာန အနေနဲ့ ချောကြမ်း(simi-finished)အဆင့်ပြုပြင်ပြီး အင်ကြင်းကျောက်တွေကို တင်ပို့ရောင်းချခြင်း အား ဖြေလျှော့၍ ခွင့်ပြုပေးတဲ့အခြေအနေသာရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ တစ်ဆက်တည်းမှာ ပဲ အင်ကြင်းကျောက်ကို ကျွန်တော်တို့ Promotion အနေနဲ့ ကျောက်မျက်ရတနာပြပွဲတွေမှာလည်းပဲ ပြသရောင်းခွင့်ကိုလည်းပဲ ပြုထားလျက်ရှိပါကြောင်း ကျွန်တော့်အနေနဲ့ ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးနိုင်ထူးအောင်(နွားထိုးကြီးမဲဆန္ဒနယ်)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျား။ ပထမဦးဆုံးအနေနဲ့ အခုလိုမျိုး ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့ဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်ဒီမေးခွန်းကို မေးရတဲ့ရည်ရွယ်ချက်ကတော့ လက်ရှိရှိနေတဲ့မူဝါဒက တကယ့်လက်တွေ့မှာ လုပ်ဆောင်တဲ့အခါမှာ အခက်အခဲတွေတကယ်ဖြစ်နေလို့ ကျွန်တော်ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျွန်တော် ဒီမေးခွန်းကို မေးမြန်းဖို့အတွက်လည်း အင်ကြင်းကျောက်လုပ်ငန်းရှင်များနှင့် အကြိမ်ကြိမ်အခါခါတွေ့ပါတယ်။ ကျွန်တော် မနေ့က အထိကိုပဲ ကျွန်တော် အင်းကြင်းကျောက်လုပ်ငန်းရှင်ကိုတွေ့ပြီး သေသေချာချာမေးပါတယ်။ ကျွန်တော် တူးသားတွေရော၊ ဒီအခင်းထဲမှာပေါ့ အခင်းပိုင်ရှင်ဖြစ်ပြီးတော့ အင်ကြင်းကျောက်တူးဖော်မှုလုပ်တဲ့ နေရာတွေမှာလည်း ကျွန်တော်ကိုယ်တိုင်လည်းသွားကြည့်ပါတယ်။ သူတို့နဲ့လည်း တွေ့ပါတယ်။ အဲဒီအခါ မှာ နံပါတ်(၁)ကတော့ အတန်းအစားခွဲခြားတာ လေးမျိုးခွဲခြားတာ တကယ်ကို အဆင်မပြေတာပါ။ ဘာလို့လဲဆိုတော့ B နဲ့ C က ကျွန်တော်ကိုယ်တိုင်လည်း ကျောက်တွေအများကြီး ကြည့်ပါတယ်။ ဘယ်လိုမှကို ခွဲဖို့မလွယ်ပါဘူး။ ဒါပေမဲ့ ဈေးနှုန်းဖြတ်တဲ့အခါမှာကျတော့ တစ်တန်ကို B က ဒေါ်လာ ၇၅၀၀ ဖြတ်တာဖြစ်ပြီး၊ C က ဒေါ်လာ ၅၃၀၀ ဖြစ်နေတယ်။ အဲဒီတော့ ဆောင်ရတဲ့ဂွင်ပမာဏက ကွာနေတယ်။ ကွာနေတော့ အဲဒီအခါမှာ တကယ် B ဟာကို C လို့ထားမယ်။ ဒါဆိုရင် ညှိမယ်၊ နှိုင်းမယ် ဆိုတာမျိုးတွေ ဖြစ်လာနိုင်ပါတယ်။ မူဝါဒကို ရှင်းရှင်းလင်းလင်း ချမှတ်မယ်ဆိုရင် Corruption လည်း ရှင်းသွားနိုင်သလို အငြင်းပွားစရာကိစ္စတွေလည်း ရှင်းသွားနိုင်ပါတယ်။ ဒါကြောင့်မို့လို့ သုံးမျိုးပဲထားတာက ပိုပြီးသင့်တော်ပါလိမ့်မယ်။ ဒါကိုလည်း လက်တွေ့ကွင်းဆင်းလေ့လာပြီးတော့ လုပ်ငန်းရှင်များနဲ့လည်း ကျွန်တော်တို့ဆွေးနွေးလို့ရပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့။ အဲဒီလိုလုပ်မယ်ဆိုရင် ပိုပြီး အဆင်ပြေမယ်ထင်ပါတယ်။ နောက်တစ်ခုက တကယ်တူးဖော်ခွင့်ကလည်း အခုနက ဝန်ကြီးပြောသွား သလိုပါပဲ။ အခြားကျောက်တွေနဲ့ မတူပါဘူး။ သူက အကြောလိုက်ရှိတာမဟုတ်တဲ့အခါမှာ တစ်ခါတလေမှာ ရေတွင်းတူးရင်းလည်း တွေ့တယ်။ တစ်ခါတလေမှာ အိမ်သာတွင်းတူးရင်းလည်း တွေ့တာမျိုးလေးတွေ ရှိပါတယ်။ အဲဒါကို တရားမဝင်တူးတယ်လို့ သတ်မှတ်လိုက်မယ်ဆိုရင်လည်း တရားမျှတမှုရှိမှာမဟုတ်ပါဘူး။ ဒါကြောင့် ဒီကျောက်ဟာ တခြားကျောက်များနှင့် သဘောသဘာဝမတူတဲ့အတွက်ကြောင့်မို့လို့ တူးဖော်ခွင့်တွေကိုလည်း သေသေချာချာပြန်ပြီးတော့ စဉ်းစားပေးနိုင်မယ်ဆို စဉ်းစားပေးနိုင်/မပေးနိုင်ကို သိချင်ပါတယ်။ နောက်တစ်ခုကတော့ အချောလုပ်တဲ့အခါမှာ နည်းပညာလိုအပ်ချက်ရှိတယ်ဆိုတာနဲ့ ပတ်သက်လို့

**မူကြမ်း**

ကတော့ ကျွန်တော်တို့သိရသလောက်၊ လေ့လာရသလောက်ကတော့ အင်ကြင်းကျောက်ကို အချော လုပ်တဲ့လုပ်ငန်းတွေကို တရုတ်ပြည်နဲ့ မြန်မာပြည်နယ်စပ်တွေမှာလုပ်ပါတယ်။ တရုတ်ပြည်ဘက် အခြမ်းမှာလုပ်တာပါ။ လုပ်နေတာတွေက မြန်မာလုပ်သားတွေပဲဖြစ်ပါတယ်။ နောက်အခုလည်း ကျွန်တော်တို့နယ်ဘက်မှာလည်း တချို့သော လုပ်ငန်းရှင်တွေက လုပ်ပါတယ်။ အဲဒီအရည်အသွေးနဲ့ ဟိုဘက်မှာလုပ်တဲ့အရည်အသွေးနဲ့ အတူတူပါပဲ။ နည်းပညာလည်း ရှိနေပြီဖြစ်ပါတယ်။ ကျွန်တော် အဲဒီလုပ်တဲ့ လုပ်ငန်းခွင်ကိုလည်း တွေ့ခဲ့ပါတယ်။ နောက်တစ်ခုကတော့ အချောလုပ်ငန်းတွေ လုပ်တဲ့အခါမှာ၊ လုပ်ကိုင်တဲ့အခါမှာ ကျွန်တော်တို့မြို့နယ်မှာ အလုပ်အကိုင်တွေအများကြီးရလာတာပဲ ဖြစ်ပါတယ်။ နောက် ဒီမူဝါဒလေးကို ပြင်လိုက်နိုင်တယ်ဆိုရင် ကျွန်တော်တို့မြို့နယ်မှာ စက်ရုံတွေ၊ အလုပ်ရုံတွေ မဆောက်ဘဲနဲ့ အလုပ်တွေ အများကြီးဖန်တီးပေးနိုင်မှာဖြစ်လို့ ဒါလေးကို ပြန်လည်ပြီး တော့ သုံးသပ်ပေးနိုင်/မပေးနိုင် ကျွန်တော် သိချင်ပါတယ်ခင်ဗျား။

နောက်တစ်ခု ကျွန်တော်တို့ Cash Memo ကိစ္စပါ။ ဒီကိစ္စကို စီပွားကူးသန်းဝန်ကြီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်မယ်ဆိုလည်း ကျွန်တော်ပူးပေါင်းဆောင်ရွက်ပေးစေချင်ပါတယ်။ တကယ်ကို နိုင်ငံခြားသားတွေက ကျွန်တော်တို့မြို့နယ်ဟာ ပုဂံနဲ့လည်းနီးတော့ သွားရင်းလာရင်းနဲ့ ဝင်ကြည့်တာ တွေရှိပါတယ်။ ဒါပေမဲ့ တကယ်လေယာဉ်ကွင်းကိုရောက်ခဲ့ရင် တကယ်ထားရကတော့ နောက်ပိုင်းမှာ ဘယ်သူမှမဝယ်တော့တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အဲဒီဟာလေးလည်းနဲ့ ပတ်သက် လို့ရှိရင်လည်း ညှိနှိုင်းဆောင်ရွက်ပေးပြီးတော့ ပြန်လည်ဖြေကြားပေးစေချင်ပါတယ်။ ယခုမဖြေကြား နိုင်လည်း ကျွန်တော့်ကို စာနဲ့ဖြစ်ဖြစ် ပြန်ဖြေကြားပေးစေချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ရှင်းလင်းပေးပါ။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဌာန)**။ ။ အတန်းအစားခွဲခြားတဲ့နေရာကတော့ A, B, C, D လေးမျိုးကတော့ ဟုတ်ပါ တယ်။ အခုနက ကိုယ်စားလှယ်တော်ကြီးရှင်းပြသလိုပါပဲ။ တချို့နေရာတွေမှာ ရောနှောနိုင်ပါတယ်။ ဒါကတော့ ကျွမ်းကျင်သူများရဲ့အပေါ် အများကြီးမူတည်ပါတယ်။ ကျွမ်းကျင်သူများရဲ့ သူတို့ရဲ့ သတ်မှတ်ချက်အပေါ်ကြည့်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့အခုနက ရောနိုင်တဲ့ဟာကို ပြန်ပြီး တော့ အသေးစိတ်ပြန်ပြီးစစ်ဆေးပေးပါ့မယ်။ စစ်ဆေးပြီးလို့ရှိရင် ကျွန်တော်တို့ လေးမျိုးကဖြင့် ကွဲပြား ခြားနားတာဖြင့် အများကြီးရယ်။ သုံးမျိုးပဲ ဖြစ်နိုင်တယ်ဆိုတဲ့ဟာကိုလည်း ကျွန်တော်တို့စိစစ်ပြီး

တော့က ကိုယ်စားလှယ်တော်ကြီးကို ကျွန်တော်ပြန်အကြောင်းကြားပါ့မယ်။ နံပါတ်(၂)ဖြစ်တဲ့ တူးဖော်ခွင့် ဒီလိုရှိပါတယ်။ တူးဖော်ခွင့်က လူတိုင်းကို ပြုပါတယ်။ အကယ်၍ တူးဖော်ခွင့်ကို သက်သက်သီးခြားပေးလိုက်လို့ရှိရင် သတ္တုရဲ့စည်းကမ်းက ဒီနယ်မြေဟာ ရတနာနယ်မြေဖြစ်ရမယ်။ ရတနာနယ်မြေအဖြစ်သတ်မှတ်လိုက်မယ်ဆိုလို့ရှိရင် အဲဒီရတနာနယ်မြေအပေါ်မှာရှိနေတဲ့ လယ်တွေ၊ ယာတွေ၊ အိမ်တွေ၊ အိုးတွေက နေထိုင်ခွင့်မရှိတော့ပါဘူး။ ဖယ်ပြီးပေးရပါမယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ တူးဖော်ခွင့်ကိုတော့ မိမိတို့ဟာမိမိ ကုမ္ပဏီနဲ့ပေါင်းပြီး တူးဖော်လည်း ရတယ်။ သီးခြားတစ်ယောက်တည်းတူးဖော်လို့လည်းရပါတယ်။ သီးခြားချည်းတော့ တူးဖော်ခွင့်ကိုတော့ မပေးပါဘူး။ အခုနက ပေးလိုက်လို့ရှိရင် ကျွန်တော်တို့ ပေးတာကလွယ်ပင် လွယ်ငြားသော်လည်းပဲ ဒေသခံတွေမှာ အလွန်အခက်အခဲဖြစ်မှာစိုးလို့ တူးဖော်ခွင့်ကို မည်သူမဆိုတူးဖော်လို့ရပါတယ်ခင်ဗျား။

နောက်ကျွမ်းကျင်မှုနဲ့ ပတ်သက်လို့ကတော့ မှန်ပါတယ်။ ကျွန်တော်တို့ဆီက တော်တော်များများလည်း ကျွမ်းကျင်ကြပါတယ်။ သို့သော်လည်းပဲ ပေးတဲ့လုပ်အားခပေါ်တည်ပြီးတော့ တစ်ဖက်နိုင်ငံမှာ သွားပြီးတော့ လုပ်ရခြင်း ဖြစ်ပါတယ်။ တစ်ဖက်မှာ ကျွမ်းကျင်သူများ ရှိပင်ရှိငြားသော်လည်းပဲ ကုမ္ပဏီကပေးနိုင်တဲ့ အခကြေးငွေနဲ့ တစ်ဖက်နိုင်ငံက ပေးနိုင်တဲ့ အခကြေငွေခြင်းဟာကွာတဲ့ အတွက်ကြောင့်မို့လို့ အဲဒီမှာသွားပြီးတော့ ကျွမ်းကျင်ပင် ကျွမ်းကျင်ငြားသော်လည်း တစ်ဖက်မှာ လုပ်တယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ နောက်အခုနကပြောတဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ပတ်သက် ပြီးတော့ဟာလည်း ကျွန်တော်တို့ ညှိနှိုင်းပြီးတော့ ဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီးတော့ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ကျွန်တော်ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ် ပုံတောင်ပုံညာဒေသအား Ecotourism(ဂေဟအကျိုးပြုခရီးသွားလုပ်ငန်း)ဒေသအဖြစ် သတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရသို့တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါ်ယဉ်မင်းလှိုင်အား အဆိုတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါ်ယဉ်မင်းလှိုင်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ ကျွန်မကတော့ ဂန့်ဂေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်ဖြစ်ပါတယ်။ ကျွန်မက ဒီနေ့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊ ပုံတောင်ပုံညာ ဒေသကို Ecotourism(ဂေဟအကျိုးပြုခရီးသွားလုပ်ငန်း)ဒေသအဖြစ် သတ်မှတ်ပေးပါရန် ပြည်ထောင်စု အစိုးရသို့တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားမှာဖြစ်ပါတယ်။ ရှေးဦးစွာ Ecotourism ရဲ့ သဘောသဘာဝကို အကျဉ်းအားဖြင့်တင်ပြခွင့်ပြုပါရှင်။ Ecotourism ဆိုတာဟာ ရေမြေတောတောင် နှင့်သဘာဝပတ်ဝန်းကျင်ရဲ့ အရှိတရား၊ ပကတိအခြေအနေကို သဘာဝအတိုင်းထိန်းသိမ်းထားပြီး တော့ ခရီးသွားလုပ်ငန်းနဲ့ဝင်ငွေရှာတဲ့လုပ်ငန်းဖြစ်ပါတယ်။ ဒီလိုသဘာဝအတိုင်းထိန်းသိမ်းနိုင်ရန် အတွက် အဓိကအနေနဲ့ ခရီးသွားလုပ်ငန်းအတွက် အခြေခံအဆောက်အဦတွေ ဆောက်လုပ်တဲ့နေရာ မှာ ဒေသသုံးပစ္စည်းများကိုသာ အသုံးပြုဆောက်လုပ်ရခြင်း၊ လျှပ်စစ်ကိုတောင်မှ ဆိုလာစနစ်ဖြစ်စေ၊ လေအားလျှပ်စစ်ဖြစ်စေကိုသာ အသုံးပြုရခြင်း၊ ရေကိုချွေတာသုံးစွဲရခြင်း၊ အမှိုက်စွန့်ပစ်မှုများကို အထူးပြုထိန်းသိမ်းရခြင်း၊ ရှိရင်းစွဲသစ်ပင်၊ ရေမြေတောတောင်နှင့်တိရစ္ဆာန်များကို လုံးဝနှောင့်ယှက် ဖျက်ဆီးမှုမပြုရခြင်း၊ အားကစားနည်းများ ထည့်သွင်းရင်တောင်မှ ကိုယ်ကာယကိုအသုံးပြုတဲ့ စက်ဘီး စီးတာ၊ လမ်းလျှောက်တာ၊ လှေလှော်တာစတဲ့ကစားနည်းများသာ အသုံးပြုရခြင်းဆိုတဲ့စည်းကမ်းတွေ ကို အထူးလိုက်နာကျင့်သုံးရပါတယ်။ ဒါ့ကြောင့်မို့လို့ အခြားခရီးသွားလုပ်ငန်းများထက် ငွေ အရင်းအနှီးစိုက်ထုတ်ရမှုနည်းပါးပြီးတော့ အကျိုးအမြတ်က ပိုမိုသာလွန်မှာဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ယောဒေသ၊ ပုံတောင်ပုံညာဟာ စစ်ကိုင်းဒေသကြီးနှင့်မကွေးတိုင်းဒေသကြီး ထိဆုံရာမှာရှိပြီးတော့ တောင်မြောက်သွယ်တန်းနေတဲ့ တောင်တန်းကြီးနှစ်သွယ်ဖြစ်ပါတယ်။ အရှေ့ဘက်က ပုံတောင်တောင်တန်း၊ အနောက်ဘက်က ပုံညာ တောင်တန်းဖြစ်ပါတယ်။ အရှေ့ဘက်မှာ မင်းကင်း၊ ကနီ၊ ပုလဲ၊ မြိုင်နှင့်ပေါက်မြို့နယ်၊ အနောက်ဘက်မှာ ကလေး၊ ဂန့်ဂေါ၊ ထီးလင်းမြို့နယ်တို့တည်ရှိပါတယ်။ ကမ္ဘာသိ ကျွန်းရွှေဝါထွက်တဲ့အရပ်ဖြစ်တဲ့အပြင် အဖိုးထိုက်တန်တဲ့ပိတောက်နှင့်တမလန်းတို့ ထွက်တဲ့ဒေသဖြစ်ပြီး ဂေဟစနစ်ကြွယ်ဝတဲ့ဒေသ ဖြစ်ပါတယ်။ ရှားပါးငှက်နှင့်တိရစ္ဆာန်မျိုးစုံ၊ သစ်ခွမျိုးစုံရှိတဲ့အရပ်လည်းဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ် သန်း ၄၀ ကျော်က ပရိုင်းမိတ်ဖြစ်တဲ့ ပုံတောင်ဂျီးယားကော်တာရှဲ့င်း၊ မြိုင်မြို့နယ် မိုးကောင်းဂျင်းနှင့် ပုလဲမြို့နယ် Burma Man တို့ရဲ့အခြေပြုရာ လွန်ခဲ့တဲ့နှစ်ပေါင်းသန်း ၄၀ ကျော်က ကုန်းတွင်း ရေအိုင်ကြီးဖြစ်တယ်လို့ သိပ္ပံပညာရှင်တွေက ယူဆကြပါတယ်။ အခု အလွန်နာမည်ကြီးနေတဲ့ HIV

နှင့်ကင်ဆာရောဂါများကိုကုသနိုင်တဲ့ သမျှားနီဆေးမြစ်၊ အရိုးရောဂါအမျိုးမျိုးအတွက် ဝံအူပင်စတဲ့ အဖိုးတန်သဘာဝ ဆေးပင်ဆေးမြစ်တို့ထွက်ရှိရာအရပ်ဖြစ်ပြီးတော့ ဇီဝမျိုးကွဲများရှင်သန်ရာအရပ်ဖြစ်ပါတယ်။ သဘာဝတရားရဲ့ဆန်းကြယ်မှုအဖြစ်နဲ့ မြွေကိုက်ရင်လူမသေတဲ့အရပ်ဖြစ်ပါတယ်။ တောတောင်ထူထပ်ပြီးတော့ နှစ်ပေါင်းများစွာ ဒီတောတောင်ကထွက်တဲ့ အဖိုးတန်သစ်တို့နဲ့ နိုင်ငံကို အလုပ်အကျွေးပြုနိုင်ခဲ့ပါတယ်။ ယခုထိတိုင်လည်း အလုပ်အကျွေးပြုဆဲဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ဒီအဆိုကိုတင်သွင်းရတဲ့ရည်ရွယ်ချက်ကိုလည်း ပြောပြလိုပါတယ်။ အခုဆိုရင် သစ်ထုတ်ယူခွင့်များ တစ်နှစ်ရပ်နားထားတာကို အားလုံးအသိဖြစ်ပါတယ်။ သို့သော်လည်း ကျွန်မရဲ့မဲဆန္ဒနယ်မှာ တရားမဝင်သစ်ခိုးထုတ်မှုများရှိနေဆဲဖြစ်ပါတယ်။ သက်ဆိုင်ရာတာဝန်ရှိသူများမှ တာဝန်သိပြည်သူများနှင့်ပူးပေါင်း၍ တားမြစ်ထိန်းကျောင်းနေကြပါတယ်။ ကျွန်မအနေနဲ့ ဒီဒေသကို Ecotourism ဒေသအဖြစ် သတ်မှတ်နိုင်ခဲ့ရင် ဒေသခံလူငယ်များရဲ့ အလုပ်အကိုင်အခွင့်အလမ်းများရရှိမှာဖြစ်ပါတယ်။ သစ်ခိုးထုတ်မှုများကိုလည်း ထိန်းသိမ်းနိုင်မှာဖြစ်ပြီးတော့ တိုင်းပြည်အတွက် အခွန်ဝင်ငွေတိုးပွားအောင် ဆွဲဆောင်နိုင်မှာဖြစ်ပါတယ်။ နောင်အရှည်သဖြင့် သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းနိုင်ပြီးတော့ ဒေသထွက်ပစ္စည်းများကိုလည်း တန်ဖိုးမြှင့်ရောင်းချနိုင်မှာဖြစ်ပါတယ်။ ဒေသခံများ မိမိဒေသကို ပိုမိုတန်ဖိုးထားတတ်လာမှာဖြစ်ပါတယ်။ တိုင်းပြည်အတွက် အရင်းအနှီးနည်းပြီး အကျိုးအမြတ်များတဲ့စီးပွားရေးလုပ်ငန်းတစ်ရပ် ထူထောင်မှာဖြစ်လို့ ဒီအဆိုကိုတင်သွင်းရခြင်းဖြစ်ပါတယ်ရှင်။ Power Point အသုံးပြုခွင့်ပေးပါရှင်။ ဒါကတော့ တောင်မြောက်သွယ်တန်းနေတဲ့ ပုံတောင်ပုံညာတောင်တန်းကြီးနှစ်သွယ်ကို Google Earth ကနေ လက်ရှိအခြေအနေကို ရိုက်ထားတာပါ။ လက်ရှိသစ်ပင်၊ သစ်တောရဲ့အခြေအနေဖြစ်ပါတယ်။ ဒါကတော့ အင်တာနက်မှာ ပရိုင်းမိတ်၊ ပုံတောင်၊ မကွေး၊ မြန်မာလို့ရိုက်ရုံနဲ့ပေါ်လာမယ့် ပုံတောင်ဂျီးယားကော်တာရှိုင်းရဲ့အချက်အလက်တွေဖြစ်ပါတယ်။ ဒါကတော့ နိုင်ငံပိုင် ချစ်ခင်ဂုဏ်ယူဖွယ်ဆင်များဖြစ်ပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြတဲ့ပုံဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ သစ်ထုတ်လုပ်မှုတွေရပ်နားထားလို့ နိုင်ငံပိုင်ဆင်များသည် အားလပ်နေပါတယ်။ ကျွန်မတို့မြို့နယ်မှာ သစ်တောဦးစီးဌာနပိုင်ဆင်အကောင်ရေ ၂၀၀ ကျော်ရှိပါတယ်။ နိုင်ငံရဲ့အခြားအရပ်ဒေသတွေမှာ Ecotourism အဖြစ်လုပ်ကိုင်နေကြတဲ့ ဆင်စခန်းတွေဟာ အကောင် ၂၀ ပတ်ဝန်းကျင်နဲ့လုပ်ကိုင်နေကြတာဖြစ်ပါတယ်။ ဂန့်ဂေါမြို့နယ်ကဆင်တွေအတွက် ဌာနရဲ့လစဉ်ကုန်ကျစရိတ်ဟာ ဆင်ဦးစီးများ၊ ဆင်ဆရာဝန်များအပါအဝင် သိန်း ၅၅၀၀ ခန့်နှစ်စဉ်ရှိပါ

တယ်။ ကျွန်မတို့တိုင်းပြည်အတွက် သက်ရှိရတနာများဖြစ်တဲ့ဆင်များကို သက်ဆိုင်ရာဝန်ထမ်းများက ချစ်ခင်မြတ်နိုးစွာ ထိန်းကျောင်းစောင့်ရှောက်လျက်ရှိပါတယ်။ ၎င်းဆင်များဖြင့် ပုံတောင်ပုံညာဒေသမှာ Ecotourism လုပ်ငန်းကို ကောင်းစွာပြုလုပ်နိုင်မယ်လို့ယုံကြည်မိပါတယ်။ ဆင်စီးခြင်း၊ ၎င်းတို့ရဲ့ သဘာဝကိုလေ့လာကြည့်ရှုခြင်း၊ အပင်မျိုးစိတ်များကိုလေ့လာခြင်း၊ ဆေးဖက်ဝင်အပင်များလေ့လာခြင်း၊ တောစခန်းချခြင်း၊ တောင်တက်ခရီးသွားလာခြင်း၊ ငှက်ကြည့်ခြင်း၊ သစ်ခွကြည့်ခြင်းတို့ကို ဂေဟစနစ်နဲ့သဘာဝပတ်ဝန်းကျင် စိတ်ပါဝင်စားတဲ့ ပြည်တွင်း/ပြည်ပခရီးသွားတွေကိုသိရှိလာအောင် နိုင်ငံတကာတွင်ကြော်ငြာပြီး နိုင်ငံပိုင်ဖြစ်စေ၊ ပုဂ္ဂလိကပိုင်ဖြစ်စေ ဆောင်ရွက်နိုင်ပါက တိုင်းပြည်ရဲ့အခွန်ဝင်ငွေများတိုးပွားလာမှာဖြစ်ပါတယ်။ ဒေသခံများလည်း အလုပ်အကိုင်ရရှိပြီး အထူးရရှိမယ့် အကျိုးအမြတ်ကတော့ သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းနိုင်မယ်လို့ ယုံကြည်ပါတယ်။ ပုံတောင်ပုံညာဒေသဟာ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ကြီးများမှ ကားနှင့်သွားလျှင် ငါးနာရီခန့်သာကွာဝေးပါတယ်။ Ecotourism ဒေသအဖြစ်သတ်မှတ်နိုင်ခဲ့ရင် ဒေသထွက်ကုန်များဖြစ်တဲ့ ယောလုံချည်နှင့်အခြားသစ်တောထွက်ပစ္စည်းများ အဆင့်မြှင့်တင်ရောင်းချနိုင်မည်ဖြစ်ပါတယ်။ ထို့အပြင် တစ်ဆက်တစ်စပ်တည်းတည်ရှိနေတဲ့ ချင်းပြည်နယ်ရဲ့ လှပတဲ့ရေမြေတောတောင်သဘာဝများကိုလည်း သွားရောက်လေ့လာနိုင်မှာဖြစ်ပါတယ်။ တစ်ခရိုင်တည်းက ထီးလင်းမြို့နယ်၊ တောင်သားရိုးရာယဉ်ကျေးမှုကိုလည်း လေ့လာနိုင်မှာဖြစ်ပါတယ်။ လေ့လာရန်ဖြစ်စေ၊ အနားယူရန်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ၊ မိသားစုလိုက်၊ ကျောင်းသားကျောင်းသူများ အစရှိသဖြင့် ပြည်တွင်း/ပြည်ပခရီးသွားများ လာရောက်နိုင်မှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ တိုင်းပြည်ရဲ့ဝင်ငွေကိုတိုးပွားအောင်ရှာဖွေကြတဲ့နေရာမှာ နိုင်ငံတကာမှာ မိမိနိုင်ငံရဲ့ယဉ်ကျေးမှု၊ ရေမြေတောတောင်၊ ပင်လယ်ကမ်းခြေ၊ ရှေးဟောင်းဒေသအစရှိသဖြင့် ဖော်ထုတ်ပြီးတော့ ပြည်တွင်း/ပြည်ပခရီးသွားတွေကို ဆွဲဆောင်ဖိတ်ခေါ်ပြီးရှာဖွေတဲ့ Tourism လုပ်ငန်းများဟာ ဖွံ့ဖြိုးတိုးတက်လျက်ရှိပါတယ်။ အိမ်နီးချင်း ထိုင်းနိုင်ငံမှာဆိုရင် ကျားကိုပင်မွေးမြူပြီးတော့ ခရီးသွားများကိုဆွဲဆောင်လျက်ရှိပါတယ်။ ဂန့်ဂေါမြို့နယ်မှမဟုတ်ပါဘူး။ ကျွန်မတို့နိုင်ငံတစ်ဝန်းလုံးရှိ ဒေသအသီးသီးရဲ့လှပသာယာမှု၊ ဆန်းကြယ်မှု၊ ရှေးကျမှု၊ ယဉ်ကျေးမှု၊ ထူးခြားဆန်းကြယ်မှုအမွေအနှစ်တို့ဖြင့် ဆွဲဆောင်ရုံမက သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းစောင့်ရှောက်နိုင်မယ့် Ecotourism ကိုလည်း ဖွံ့ဖြိုးတိုးတက်လာအောင် နည်းလမ်းများရှာဖွေ၍ ရှေးဟောင်းသုတေသနကျွမ်းကျင်သူများ၊ သစ်တောပညာရှင်များ၊ Tourism ပညာရှင်များ၊

တိ/မွေးကုပညာရှင်များရဲ့အကူအညီကိုရယူပြီး အထူးအလေးပေးဆောင်ရွက်သင့်ပါတယ်။ သို့ဖြစ်ပါ၍ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊ ပုံတောင်ပုံညာဒေသအား Ecotourism(ဂေဟအကျိုးပြုခရီးသွားလုပ်ငန်း)ဒေသအဖြစ်သတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို တင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ယဉ်မင်းလှိုင်တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးမင်းနောင်(ပင်လည်ဘူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်အပေါင်းတို့ခင်ဗျား မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူး မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းနောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဂန့်ဂေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆိုကို ထောက်ခံဆွေးနွေး မှာဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်းပဲ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီဝင်ဖြစ်ပြီး ဒီအဆိုဟာ ကျွန်တော်တို့ ကော်မတီ၏ လုပ်ဆောင်နေတဲ့ မူဝါဒလုပ်ငန်းတွေနဲ့လည်း ကိုက်ညီတဲ့အတွက် ထောက်ခံ ဆွေးနွေးမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ မြေပေါ်မြေအောက်သယံဇာတတွေပေါကြွယ်ဝလှတဲ့အတွက် အစိုးရအဆက်ဆက်၊ ပြည်သူအဆက်ဆက်ဟာ တိုင်းပြည်ရဲ့ အရှည်သဖြင့်ကိုမစဉ်းစားဘဲ သယံဇာတတွေကို လွယ်ကူစွာပဲထုတ်ယူသုံးစွဲခဲ့ကြပါတယ်။ တိုင်းပြည်အတွက် ပိုမိုကောင်းမွန်တဲ့ အခွင့်အလမ်းကောင်းတွေကို ခေတ်နှင့်လျော်ညီစွာ အကျိုးရှိရှိ အသုံးမချခဲ့တတ်ကြပါဘူး။ ဒါကြောင့်မို့လို့ တိုင်းပြည်ရဲ့သယံဇာတတွေ လျော့ပါးလာခဲ့ရပြီး ရေမြေသဘာဝပတ်ဝန်းကျင်တွေကိုလည်း ထိခိုက်ညစ်နွမ်းပျက်စီးခဲ့ရပါတယ်။ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ မြေပြိုခြင်းစတဲ့ သယံဇာတကျိန်စာတွေလည်း သင့်ခဲ့ရပါတယ်။ ဒါကြောင့် ယခုလိုမျိုး ပြည်သူရွေးချယ်တဲ့ ပြည်သူ့အစိုးရခေတ်မှာတော့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာမူဝါဒတွေ၊ ကောင်းမွန်တဲ့ စီမံခန့်ခွဲမှုတွေနဲ့ စတင်ဆောင်ရွက်နေသလို တစ်ဖက်မှာလည်းပဲ ပြန်လည်မပြည့်ဖြိုးနိုင်တဲ့သတ္တု၊ တွင်းထွက်၊ ကျောက်မျက်ရတနာ စတဲ့တိုင်းပြည်သယံဇာတတွေကို အနာဂတ်သားစဉ်မြေးဆက် အရှည်သဖြင့်အသုံးပြုနိုင်အောင် သတိပြုထည့်သွင်းစဉ်းစားကြရမှာဖြစ်ပါတယ်။ ထို့အတူ စစ်မက်

ဖြစ်ပွားတဲ့အခါမျိုး သို့မဟုတ် အခြားသောသဘာဝဘေးအန္တရာယ်ကျရောက်တဲ့အခါမျိုးမှ ထုတ်ယူသုံးစွဲသင့်တဲ့သတ္တု၊ ဘယ်အခြေအနေ၊ ဘယ်အခါ၊ ဘယ်အချိန်အခါမျိုးမှာမှ ထုတ်ယူသုံးစွဲသင့်တဲ့ စွမ်းအင်စသဖြင့် စနစ်တကျပိုင်းခြား စိတ်ဖြာစီမံခန့်ခွဲကြရတော့မှာဖြစ်ပါတယ်။ နောက်တစ်ဖက်ကလည်း ပြန်လည်ပြည့်ဖြိုးနိုင်တဲ့ သစ်တောသယံဇာတတွေကို စနစ်တကျပြုစုပျိုးထောင်ရင်း ထိုက်သင့်သလောက်သာသုံးစွဲကြဖို့ ပြင်ဆင်နေကြတဲ့အချိန်ကာလကို ရောက်နေပြီဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံကိုပိုမိုကောင်းမွန်တဲ့အခြေအနေရောက်အောင် ပြုပြင်ပြောင်းလဲနေတဲ့ ယခုလိုအချိန်ကာလမျိုးမှာ သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ကို အင်မတန်ထိုက်တန်စွာသုံးစွဲနိုင်တဲ့ အခွင့်အလမ်းကောင်းတစ်ခုဟာ အခုအဆိုရှင်တင်သွင်းခဲ့တဲ့ သဘာဝအခြေခံခရီးသွားလုပ်ငန်းပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့တိုင်းပြည်ရဲ့သယံဇာတတွေကို တူးဖော်ထုတ်ယူသုံးစွဲတဲ့လုပ်ငန်းဟာ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်အောင် ဘယ်လိုပဲစည်းမျဉ်းစည်းကမ်းတွေ ချမှတ်ထားသည်ဖြစ်စေ၊ တိုက်ရိုက်အကျိုးရှိသူကတော့ အဆိုပါလုပ်ငန်းလုပ်ကိုင်သူ လုပ်ငန်းရှင်တွေနဲ့ အလုပ်သမားဝန်ထမ်းလူနည်းစုတွေသာ ဖြစ်ကြပါတယ်။ တစ်ဖက်ကတော့ နိုင်ငံ့အတွက်အခွန်ဘဏ္ဍာတွေရတဲ့အတွက် တစ်ဆင့်ခံအကျိုးကျေးဇူးအနေနဲ့တော့ နိုင်ငံသူနိုင်ငံသားအားလုံး ရရှိပါတယ်။ ဒါပေမဲ့ ဒီနေ့အဆိုရှင်တင်သွင်းသွားတဲ့ သဘာဝအခြေခံခရီးသွားလုပ်ငန်းကတော့ သက်ဆိုင်ရာခရီးသွားလုပ်ငန်းရှင်တွေ၊ ဟိုတယ်လုပ်ငန်းရှင်တွေ၊ ဟိုတယ်ဝန်ထမ်းတွေ၊ ဧည့်လမ်းညွှန်တွေ၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းတွေ၊ စားကုန်သောက်ကုန်နဲ့ဆက်စပ်တဲ့လုပ်ငန်းတွေ အစရှိတဲ့လုပ်ငန်းတွေတင်မကပါဘူး။ ဒီနယ်မြေမှာဆက်စပ်နေထိုင်ကြတဲ့ ပြည်သူလူထုအားလုံးအတွက် အကျိုးစီးပွားတွေကို နည်းလမ်းအမျိုးမျိုးနဲ့ ဖြစ်ထွန်းတိုးတက်စေမှာဖြစ်ပါတယ်။ ဒေသခံလူထုတွေအနေနဲ့လည်း မိမိဒေသမှာနေထိုင်ရင်း ကောင်းမွန်တိုးတက်တဲ့ အသိအမြင်ကောင်းတွေ၊ ဥပမာ အမှိုက်ကိုစနစ်တကျပစ်မှုတို့ကစလို့ ရရှိမှာဖြစ်သလို ပြောဆိုဆက်ဆံမှု ဘာသာစကားအကြားတွင်လည်း ထိုက်တန်သလောက်တိုးတက်လာကြမှာဖြစ်ပါတယ်။ တစ်ဖက်မှာလည်း နိုင်ငံ့အတွက် အခွန်ဘဏ္ဍာအမြောက်အမြားရရှိနိုင်တဲ့အတွက် မီးခိုးမထွက်တဲ့စက်ရုံလို့ခေါ်တဲ့ ဒီလုပ်ငန်းဟာ ကျွန်တော်တို့နိုင်ငံအတွက် အင်မတန်မှ အကောင်အထည်ဖော်ဆောင်ရွက်သင့်တဲ့၊ လျော်ကန်တဲ့လုပ်ငန်းတစ်ခုဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ဒေသဖြစ်တဲ့ ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး၊ ဗန်းမောက်မြို့များအပါအဝင်ဖြစ်တဲ့ ကသာခရိုင်ဒေသဟာ တစ်ချိန်

တစ်ခါက စာဆိုရှင် လက်ဝဲသုန္ဒရက မဲဇာတောင်ခြေ စည်းအထွေထွေတည်လို့ ရတုပိုဒ်အစုံအလင်နဲ့ ဖွဲ့နွဲ့ခဲ့ရလောက်အောင် နေပြောက်မထိုးမိုးပြောက်မမှန် သစ်တောသယံဇာတတွေ ပေါလျှံကြွယ်ဝခဲ့တဲ့ ဒေသကြီးတစ်ခုဖြစ်ခဲ့ပါတယ်။ ဒါကြောင့်မို့ ယခုအဆိုရှင်တင်ပြခဲ့တဲ့ ပုံတောင်ပုံညာတောင်တန်းကြီးတွေ လိုပဲ ကျွန်တော်တို့နိုင်ငံမှာ လှပတဲ့သဘာဝတောတောင်ရေမြေတွေ အများကြီးရှိပါတယ်။ အဲဒီ သဘာဝအလှသယံဇာတတွေကို စနစ်တကျထိန်းသိမ်းရင်း တိုင်းပြည်နဲ့လူမျိုးအတွက်လည်း သယံဇာတကျိန်စာတွေမခံစားရအောင် သတိထားဆောင်ရွက်ရင်း တိုင်းပြည်စီးပွားရေးအတွက် အကျိုးရှိမယ့် ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က တင်သွင်းတဲ့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါ မြို့နယ် ပုံတောင်ပုံညာဒေသအား Ecotourism(ဂေဟအကျိုးပြု ခရီးသွားလုပ်ငန်း)ဒေသအဖြစ် သတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်း ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃) အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဒေါ်ယဉ်မင်းလှိုင်တင်သွင်းတဲ့အဆို ကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က တင်သွင်းသော မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ် ပုံတောင် ပုံညာဒေသအား Ecotourism(ဂေဟအကျိုးပြုခရီးသွားလုပ်ငန်း)ဒေသအဖြစ် သတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါ တယ်။ (ဩဘာသံများ)

## ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်ကတင်သွင်းသောအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့

၂၀-၁၂-၂၀၁၆ ရက် (အင်္ဂါနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် ၈ နှင့် ၉ ကို ကျော်ပါ့မယ်။ အစီအစဉ် ၁၀ ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

**မျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်က တင်ပြခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့တဲ့ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာတဲ့အတွက် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ (၁၆-၁၁-၂၀၁၆ ရက်နေ့)တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ အသိပေး၍ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီက ပြန်လည်စိစစ်ပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် အချက်(၅)ချက်ကို သဘောတူသင့်ကြောင်းနှင့် အချက်(၆)ချက်နှင့်စပ်လျဉ်းပြီး သဘောကွဲလွဲကြောင်း တင်ပြလာပါတယ်။ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့်အချက်(၅)ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ )**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့အဖွဲ့ဝင်တစ်ဦး ဖြစ်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးချက်အရ ဥပဒေဘာသာပြန်ကော်မရှင်ကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် ပြည်သူ့လွှတ်တော်

ဥပဒေကြမ်းကော်မတီ၏စိစစ်တင်ပြချက်များကို တင်ပြသွားမှာဖြစ်ပါတယ်။ ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်။

၁။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက တင်သွင်းသည့် ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၂၅) ရက်မြောက်နေ့ဖြစ်သည့် ၂-၉-၂၀၁၆ ရက်နေ့တွင် ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့ပြီးနောက် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်မှ ၇-၁၀-၂၀၁၆ ရက်နေ့၌ ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါသည်။

၂။ ယင်းဥပဒေကြမ်းအား ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ဖြစ်သည့် ၁၆-၁၁-၂၀၁၆ ရက်နေ့တွင် လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ပြင်ဆင်ချက်အဆိုများကို ၁၈-၁၁-၂၀၁၆ ရက်နေ့နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် ဒုတိယဗိုလ်မှူးကြီး အောင်ဇင်မင်း (တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်)မှ ပြင်ဆင်ချက်အဆိုများ တင်သွင်းခဲ့ပါသည်။

၃။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ၃၀-၁၁-၂၀၁၆ ရက်နေ့နှင့် ၇-၁၂-၂၀၁၆ ရက်နေ့တို့တွင် ပြင်ဆင်ချက်အဆိုတင်သွင်းသူ ဒုတိယဗိုလ်မှူးကြီးအောင်ဇင်မင်း တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အတူ ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပါသည်။

၄။ ယင်းညှိနှိုင်းအစည်းအဝေးများ၏ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုခဲ့သည့် အချက်များအနက်မှ အောက်ဖော်ပြပါ (၅)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူလက်ခံခဲ့ပါသည်။ ယင်းသဘောတူလက်ခံခဲ့သော အချက်များပါဝင်သည့်ဇယားကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်(၅)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက သဘောတူသင့်ကြောင်း တင်ပြသွားတဲ့ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်(၅)ချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေကြမ်း ကော်မတီက သဘောတူသင့်ကြောင်း တင်ပြသွားတဲ့အချက် ငါးချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း သဘောတူကြောင်းနှင့် ၎င်းဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် ဥပဒေ ကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ချက် (၆)ချက်ကို တင်ပြဖို့ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါ တယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ )**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ညှိနှိုင်းအစည်းအဝေး၏ သဘောတူ ဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့ လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ရန်တင်ပြချက် (၆)ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ ထပ်မံပြင်ဆင်ရန်တင်ပြချက်ဇယားကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေ ထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ သဘောထား ကွဲလွဲသည့် အချက်(၆)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရှေ့နေချုပ်ရဲ့ သဘောထားပြောပါ။

**ဦးဝင်းမြင့်(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြန်လည်ပြီးတော့ တင်ပြချက်များ အားလုံးကို ကျွန်တော်တို့သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်(၆)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောမတူဘဲ ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ချက်အတိုင်းအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်(၆)ချက်ကို သဘောမတူဘဲ ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင်ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်းကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်(၆)ချက်ကို သဘောမတူဘဲ ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ချက်များအတိုင်း လွှတ်တော်က အတည်ပြုပြီးဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ ထိုသို့သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန်ဖြစ်တဲ့အတွက် အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(ပြည်ကြီးတံခွန်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ အဆိုတင်သွင်းမယ့် ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက တင်သွင်းသော ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့ဖြစ်သည့် ၂-၉-၂၀၁၆ ရက်နေ့တွင် ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့ပြီးနောက် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ၇-၁၀-၂၀၁၆ ရက်နေ့တွင် အမျိုးသားလွှတ်တော်မှ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်များအပေါ် ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း ပြန်လည်ပေးပို့လာပါတယ်။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပေးပို့လာသည့် ပြင်ဆင်ချက်များအနက် အချက်(၆)ချက်သည် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောထားကွဲလွဲသည့်အတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူသင့်ပါကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့် ကိုယ်စားလှယ်တစ်ဦးကို ဖိတ်ခေါ်ပါတယ်။

**ဦးနေမျိုးထွန်း(ထန်းတပင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလင်းက ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ တင်သွင်းသည့် ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ကျွန်တော် ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထွန်းမှ ထောက်ခံအပ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့ (၆)ချက်နှင့် ပတ်သက်၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏သဘောထားရယူပါမယ်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ ပြန်လည်ဆွေးနွေးခဲ့ရာတွင် သဘောကွဲလွဲသည့်

အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်(၆)ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)နှင့်(ခ) တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၈)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်(အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၇။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၁၁း၀၇ နာရီအချိန် တွင် ရပ်နားပါသည်။]

**မှူကြမ်း**

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်